ကြေးမုံ
The Mirror Daily
ဝန်ကြီးဌာနဖြင့် ပေါင်းတွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 16 November 2021 ၁၀၅၅၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဆက်ဆံရေး၊ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့၏ ဆက်ဆံရေးအခြေအနေများ အမြင်ချင်းဖလှယ် ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်နေမှုနှင့် ပြည်သူများကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဆက်ဆံရေး၊ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့၏ ဆက်ဆံရေး အခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်နေမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့် အတူ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

ငါတို့ ဘာကြောင့် ကျောင်းသွားရတာလဲ
ဆောင်းပါး စာမျက်နှာ » ၆

သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာလို့ လူမှုစီးပွား အဆင်ပြေစေဖို့ စားသုံးဆီကို လျှော့စားကြစို့
ဆောင်းပါး စာမျက်နှာ » ၁၆

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေ ထုတ်ပြန်ခြင်း
စာမျက်နှာ » ၉

လူငယ်နှင့် ဘဝ အောင်မြင်ရေး
စာမျက်နှာ » ၂၀၊ ၂၁

မူးယစ်ဆေးဝါးအသုံးချမှု ထိရောက်စွာတိုက်ဖျက်

ကမ္ဘာပေါ်တွင် ရှေးဦးကာလက ဘိန်းကိုစတင်တွေ့ရှိပြီး အသုံးပြုရာမှစ၍ တစ်ဆင့်ထက်တစ်ဆင့်မြင့်သည့် မူးယစ်ဆေးဝါးပြဿနာဖြစ်လာသည်။ မူလကဘိန်းနှင့်ပတ်သက်သည့်အသုံးပြုမှုနှင့်ပတ်သက်၍ လူမှုရေးပြဿနာအဖြစ် ရှုမြင်ခဲ့ရာမှ နောက်ပိုင်းတွင် လူမှုရေးနယ်ပယ်တွင်သာမက နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များတွင်ပါ အသုံးချလာကြသည်ကိုတွေ့ရသည်။ မူးယစ်ဆေးဝါးကို လူမှုရေးပြဿနာအဖြစ် ထိန်းချုပ်တိုက်ဖျက်ခြင်းမပြုဘဲ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်တွင် အသုံးချနေသရွေ့ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာပေါ်မှ မည်သည့်အခါမျှ ပျောက်ကွယ်သွားမည်မဟုတ်ပေ။

မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးပြဿနာမှာ အလွန်ကြီးမားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာကို အစိုးရအဆက်ဆက် ခေတ်အဆက်ဆက်၌ တိုက်ဖျက်နေသော်လည်း အမြစ်မပြတ်နိုင်ဘဲ တစ်နေ့တခြားကြီးထွားနေခြင်း၏ အကြောင်းရင်းဇာစ်မြစ်သည် ကိုလိုနီခေတ်ကစခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ တရားဝင်ဘိန်းစိုက်ပျိုးမှုကို ဗြိတိသျှနယ်ချဲ့တို့အားပေးမှုကြောင့် ရွှေတြိဂံဒေသတွင် စတင်အမြစ်တွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်နောက်ပိုင်းတွင် ပြည်ပကျူးကျော်ဝင်ရောက်လာမှုနှင့် စွက်ဖက်မှုများကြောင့် အဆိုပါဒေသတွင် ဘိန်းစိုက်ပျိုးမှုသာမက မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်လုပ်ငန်းများ ကျယ်ပြန့်ကြီးထွားလာခဲ့သည်။

မြန်မာနိုင်ငံတွင် ရာစုနှစ်တစ်ခုမက ဖြစ်တည်လာခဲ့သော တရားမဝင်ဘိန်းစိုက်ပျိုးမှုသည် နယ်စပ်ဒေသနေ ရိုးသားသော တောင်ပေါ်တိုင်းရင်းသားများနှင့် ဆက်စပ်နေသည့်အတွက် နိုင်ငံတော်က ဘိန်းစိုက်ပျိုးမှုချုပ်ငြိမ်းပပျောက်ရေးကို သိမ်မွေ့နက်ရှိုင်းစွာဆောင်ရွက်လျက်ရှိသည်။ သို့သော် ဘိန်းမှဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးအကျိုးအမြတ်များမှာ များပြားလှသဖြင့် အဆိုပါဒေသရှိ လက်နက်ကိုင်အဖွဲ့အချို့က မူးယစ်ဆေးဝါးကို အမျိုးမျိုးအသုံးချလာခဲ့ရာ ယနေ့အချိန်အခါတွင် မူးယစ်ဆေးဝါးပြဿနာသည် လူမှုရေးပြဿနာသာမက စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်တွင် ကြီးမားကျယ်ပြန့်စွာပျံ့နှံ့စိမ့်ဝင်နေသည်ကို တွေ့ရသည်။

ယခုအခါ နေ့စဉ်နှင့်အမျှ နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမျိုးမျိုး ဖမ်းဆီးရမိသည့်သတင်းများ တွေ့နေရသည်။ ပြီးခဲ့သည့်ရက်က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးအမြောက်အမြားဖမ်းဆီးရမိသည့်သတင်းများ တွေ့ရှိခဲ့ပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးကွင်းဆက်များကို ဆက်လက်ဖော်ထုတ်ရမိခဲ့သည်။ ယနေ့ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နယ်စပ်ဒေသတွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိဒေသများတွင် လုံခြုံရေးကိုအထူးဦးစားပေးဆောင်ရွက်လျက်ရှိစဉ် မူးယစ်ဆေးဝါးများကို ယခင်ထက်ပိုမိုဖမ်းဆီးရမိနေသည်မှာ ထူးခြားသောအချက်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအပေါ် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။ ထိုအချိန်ကာလတွင် နိုင်ငံရေးရေချိန်မြင့်မားလာအောင် ဖန်တီးရေးနှင့် နိုင်ငံရေး၊ အကြမ်းဖက်တိုက်ခိုက်ရေးလှုပ်ရှားမှုများတွင် မူးယစ်ဆေးဝါးကို အသုံးချလာကြသည်။ နိုင်ငံရေးကိုအကြောင်းပြု၍ ဆူပူလှုပ်ရှားမှုများ၊ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ ပြုလုပ်ရာတွင် ပြစ်မှုအများစုသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်နေသည်ကို တွေ့ရှိလာသည်။ ယနေ့နိုင်ငံရေးထူးခြားဖြစ်စဉ်များ ဖြစ်ပွားရခြင်းအကြောင်းရင်းများတွင် နိုင်ငံရေးသမားများက လူငယ်လူရွယ်များနှင့် အသိမဲ့ပြည်သူအချို့အား သွေးထိုးလှုံ့ဆော်ထောက်ပံ့အားပေးမှုတွင် မူးယစ်ဆေးဝါးပါဝင်သည်။

သာမန်ပြည်သူများအနေဖြင့် မည်သည့်စိတ်ခံစားချက်ရှိသည်ဖြစ်စေ အန္တရာယ်များသည့် အကြမ်းတိုက်ခိုက်သတ်ဖြတ်မှုကို လုပ်ကိုင်ကြခြင်းမရှိပေ။ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်း၏ အဓိကတွန်းအားမှာ မူးယစ်ဆေးဝါးဖြစ်၍ ယင်းကို နိုင်ငံရေးတွင် အမြတ်ထုတ်လာကြသည်ကိုတွေ့ရသည်။ မကြာသေးမီက ဖမ်းဆီးရမိသည့် ထူးခြားဖြစ်စဉ်များ၌ အကြမ်းဖက်သမားအများစုမှာ မူးယစ်ဆေးဝါးသုံးစွဲထားကြသည်ကို စိစစ်တွေ့ရှိရသည်။ မူးယစ်ဆေးဝါး စတင်ထွက်ရှိရာသောင်းကျန်းသူနယ်မြေများတွင် တရားမဝင်ငွေကြေးနှင့် လက်နက်ရောင်းဝယ်ရေးများ ပြုလုပ်လာကြပြီး နိုင်ငံရေးအသုံးချခံလူငယ်လူရွယ်များအား မူးယစ်ဆေးဝါးဖြန့်ဝေပေးပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက်လုပ်ရပ်များတိုက်ဖျက်ရေးအတွက် အကြမ်းဖက်နှိမ်နင်းရေးနှင့် တည်ငြိမ်အေးချမ်းမှုစစ်ဆင်ရေးများကို ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးအား တစ်ပြိုင်တည်းပြုလုပ်နေသည်ကိုတွေ့ရသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုဗစ်ရောဂါကင်းဝေးရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် တစ်ဖက်ကလည်း အလွန်အရေးကြီးသောမူးယစ်ဆေးဝါးနှိမ်နင်းရေးကို ယခင်ထက်မက ထိရောက်စွာတိုက်ဖျက်လျက်ရှိသဖြင့် မူးယစ်ဆေးဝါးအမျိုးမျိုးတို့ကို စံချိန်တင်ဖမ်းဆီးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်အဖွဲ့များက ၎င်းတို့အာဏာရရှိရေးအတွက် မူးယစ်ဆေးဝါးအသုံးချလာမှုများကို အထင်အရှားတွေ့ရှိလာရသည်ဖြစ်ရာ နိုင်ငံရေးသမား၊ တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် လမ်းမှားရောက်နေသောပြည်သူအချို့၏ နွေဦးတော်လှန်ရေးအသုံးချလက်နက်ဖြစ်သည့် အန္တရာယ်ကြီးမားသောမူးယစ်ဆေးဝါးများအား နိုင်ငံတော်နှင့်အတူ ပိုင်းဝန်းတိုက်ဖျက်တားဆီးနှိမ်နင်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

"ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာပေးရက်သတ္တပတ်"
"ပဋိဇီဝဆေးယဉ်ပါးမှု ရပ်တန့်ဖို့ အသိပညာပေးမှုမြှင့်တင်စို့"
Spread awareness, stop resistance

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်မှ (၂၄)ရက်အထိ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

သာယာဝတီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

သာယာဝတီ နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် စခန်းကြီးကျေးရွာအုပ်စု ကံရွာသစ်၊ တုံးစမ်း ကျေးရွာနှစ်ရွာ (တစ်ယူနစ်)၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကံရွာသစ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက ကော်မတီဝင်များအား အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် စခန်းကြီး ကျေးရွာအုပ်စု ကံရွာသစ်၊ တုံးစမ်း ကျေးရွာနှစ်ရွာနေပြည်သူများအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၁၁-၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၈၀၀	၈,၇၀၀	၁,၂၆၀	၁၀,၉၇၃,၀၀၀
MTSH	၃,၂၅၀	၃,၂၀၀	၂,၁၅၇	၆,၉၂၇,၈၅၀
MCB	၈,၀၀၀	၈,၀၀၀	၀	၀
FPB	၂၁,၅၀၀	၂၁,၅၀၀	၁	၂၁,၅၀၀
TMH	၂,၇၀၀	၂,၇၀၀	၀	၀
EFR	၂,၈၅၀	၂,၈၅၀	၁,၀၀၀	၂,၈၅၀,၀၀၀
AMATA	၅,၀၀၀	၅,၀၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၇၆၉.၄
(ခ) ဥရောပ	တစ်ယူရို	=	၂၀၂၅.၇
(ဂ) တရုတ်	တစ်ယွမ်	=	၂၇၇.၃၁
(ဃ) ထိုင်း	တစ်ဘတ်	=	၅၄.၀၃၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၂၅.၁၈
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၃.၇၈၈
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၃၀၀.၈
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၃၀၉.၃
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၅၃.၁
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၀.၀၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
		သတင်းထောက်များ	ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးတင်ထွန်းတာနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နည်းပညာအရ နောက်ကျမှု ရှိနေသေး

နိုင်ငံတကာနှင့်ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုင်ဝင်ဘာ ၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဘီလ်ရစ်ချတ်ဆန်အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဘီလ်ရစ်ချတ်ဆန်အား လက်ခံတွေ့ဆုံစဉ်။

တနင်္သာရီတိုင်းဒေသကြီးအား ဆီအုန်းအခြေခံသည့် မြန်မာ့ဆီအိုးကြီးဖြစ်စေရေး အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် နိုဝင်ဘာ ၁၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ဆီအုန်းသုတေသနခြံတာဝန်ခံများ၊ သုတေသနပညာရှင်များနှင့် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မလိဝမ်း) သင်တန်းခန်းမ၌ တွေ့ဆုံသည်။

ပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆီအုန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကပိုင်း၏ လိုအပ်ချက်များ ပံ့ပိုးကူညီမှုပေးရေး လုပ်ငန်းများတွင် ဆီအုန်းသုတေသနလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍက ပါဝင်နေသည့်အတွက် အဆိုပါသုတေသနလုပ်ငန်းများ ပိုမိုအားကောင်းလာရန် လိုကြောင်း၊ အရည်အသွေးကောင်း ဆီအုန်းမျိုးများ ထုတ်လုပ်ပေးခြင်း ဆောင်ရွက်သကဲ့သို့ မျိုးယှဉ်ပြိုင်စမ်းသပ်ခြင်းနှင့် မြေဩဇာမှန်ကန်စွာ ထည့်သွင်းခြင်းများကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သုတေသနပညာရှင်များအနေဖြင့် မိမိလုပ်ငန်းအပေါ် အာရုံစူးစိုက်ဆောင်ရွက်နေကြသည့်နည်းတူ နိုင်ငံတကာ

၏ သုတေသနတွေ့ရှိချက်များကိုလည်း မျက်ခြည်မပြတ် လေ့လာကြစေလိုကြောင်း ပြောကြားသည်။

တင်ပြ

ယင်းနောက် ဟတ်စဒင်း၊ မလိဝမ်း၊ အော်ကြီး၊ ရေတံခွန် သုတေသနခြံတာဝန်ခံများက ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူးက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဌာနပိုင်ဆီအုန်းခြံများတွင် ကိုကိုးနှင့်ကော်ဖီသုတေသနတည်ထောင်စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအား ဆီအုန်းအခြေခံသည့် မြန်မာ့ဆီအိုးကြီး တစ်အိုးဖြစ်စေရေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်း ဆီသီးခိုင်များ အထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်စေရန်အတွက် ဒေသနှင့်ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် အထွက်ကောင်းမျိုးများနှင့် နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူများအပိုင်းက ကြိုးပမ်းပေးကြစေလိုကြောင်း၊ ကြားသီးနှံများ၊ သီးနှံရောနှောစိုက်ကွက်များ၊ အပူပိုင်းဒေသသီးနှံများ၊ ဥယျာဉ်ခြံသီးနှံများ စံပြစိုက်ပျိုးပြသ၍ နည်းပညာဖြန့်ဖြူးရန် လိုအပ်သောအစီအမံများ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆီအုန်းသုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆီအုန်းမျိုးသန့်မျိုးပွားပျိုးခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၁-ရာစုတွင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော ICT နည်းပညာများကို မျက်ခြည်မပြတ် လေ့လာသင်ယူ၍ မိမိတို့၏ သင်ကြားသင်ယူမှုလုပ်ငန်းများ၌ အကျိုးရှိထိရောက်အောင် အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက် ၁၀ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသော အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် အသစ်ခန့်အပ်ထားသော နည်းပြ ဆရာဆရာမသစ်လွင်များအား ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦး၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ အစိုးရနည်းပညာကောလိပ်(နေပြည်တော်) ကျောင်းအုပ်ကြီး ဒေါက်တာမင်းမင်းထွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ရည်ရွယ်ချက်(၆)ခုအနက် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းနယ်ပယ်များတွင်လိုအပ်သော ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင် လေ့ကျင့်မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်အောင်မြင်ပြီး မြောက်စေရန် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအပေါ်တွင် အဓိကကျပါကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒ(၈)ခုအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "ဒေသတွင်း သိပ္ပံနှင့်နည်းပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်းဖြင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ အခွင့်အလမ်း ပိုမိုမြင့်မားလာပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှုလုပ်ငန်းများ စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာစေရန် စသည့်မူဝါဒများကို ဆရာ ဆရာမများအနေဖြင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအသီးသီးတွင် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ၅၅၇ ဦးနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၄၄၂ ဦး စုစုပေါင်းနည်းပြ ဆရာ ဆရာမ ၉၉၉ ဦးတို့ကို (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်အတွင်း အသစ်ခန့်အပ်နိုင်ခဲ့ပါကြောင်း၊ နည်းပြဆရာ ဆရာမများအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ ဆရာမများအားလုံးကို ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဖြစ်အောင် စဉ်ဆက်မပြတ် အထောက်အပံ့ပေးမည် ဖြစ်ပြီး ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ ၂၁-ရာစုတွင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော ICT နည်းပညာများကို မျက်ခြည်မပြတ် လေ့လာသင်ယူ၍ မိမိတို့၏ သင်ကြားသင်ယူမှုလုပ်ငန်းများ၌ အကျိုးရှိထိရောက်အောင် အသုံးချနိုင်ရေးလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အင်္ဂလိပ်ဘာသာရပ်သည်လည်း မဖြစ်မနေ တတ်ကျွမ်းရမည့်ဘာသာရပ်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ သင်ကြားမွေးထုတ်ပေးမည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် အမှန်တကယ် တတ်မြောက်ရန် သာမက နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် မှန်ကန်စွာသိမြင်ပြီး ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်တတ်ရန် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ နည်းပညာ/ကွန်ပျူတာ တက္ကသိုလ်များ ၆၀၊ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းများ ၇၀ စုစုပေါင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း ၁၃၀ တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တာဝန်ခံများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၁၁၅၆ ဦးနှင့် အသစ်ခန့်အပ်ထားသော နည်းပြ ဆရာ ဆရာမ ၉၉၉ ဦး စုစုပေါင်း ၂၁၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငွေဆောင်နှင့် ချောင်းသာကမ်းခြေ ခရီးသွားရာသီဖွင့်ပွဲ အခမ်းအနားများ ကျင်းပ

ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်

နေပြည်တော် နိုဝင်ဘာ ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ငွေဆောင်ကမ်းခြေ ယမုံနာဦးဟိုတယ်၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသော ငွေဆောင်ကမ်းခြေ ခရီးသွားရာသီဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ငွေဆောင်ကမ်းခြေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းဖြင့် မြေယာရှုခင်းများပြောင်းလဲလာခြင်း၊ လေထုညစ်ညမ်းမှုများဖြစ်ပေါ်ခြင်း စသည့် သက်ရောက်မှုများ အနည်းဆုံးဖြစ်စေရေး ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ယှဉ်တွဲ၍ ငွေဆောင်ကမ်းခြေဒေသဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိသည့်အကြောင်းကို ပြည်သူများ ပိုမိုသိရှိနိုင်ရန် ခရီးသွားရာသီဖွင့်ပွဲကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ လူတို့၏ သဘောသဘာဝမှာ စူးစမ်းသိမြင်လိုသောစိတ်၊ မျှော်လင့်တောင့်တသောစိတ်နှင့် မိမိအတွေ့အကြုံကို ပြန်လည်ပြောပြလိုသောစိတ်ဆန္ဒပြင်းပြမှုတို့ကြောင့် ခရီးသွားလုပ်ငန်းမှာ အစဉ်အမြဲ ရှင်သန်နေမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ ဆင့်ပွားအကျိုးသက်ရောက်မှုရှိသောကြောင့် ဒေသတွင်း ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားဇည့်သည်များကို လုံခြုံစိတ်ချသော ဝန်ဆောင်မှုကောင်းများ (Safe Services) ပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့်လုံခြုံစိတ်ချမှုဆိုင်ရာ သင်တန်း (Health and Safety Protocol –HSP) များကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ဆက်စပ်လုပ်ကိုင်နေသည့် ဝန်ထမ်းများအနေဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်အညီ လိုက်နာလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ငွေဆောင်ကမ်းခြေဒေသသို့ ခရီးသွားဇည့်သည်များ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လည်ပတ်သည့် ကမ်းခြေခရီးစဉ်တစ်ခုဖြစ်စေရေး အစိုးရ၊ လုပ်ငန်းရှင်၊ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆို

နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ငွေဆောင်ကမ်းခြေဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ယမုံနာဦးဟိုတယ်ကမ်းခြေရှိ သဲသောင်ပြင်တွင် ငွေဆောင်ကမ်းခြေဒေသ ခရီးသွားရာသီဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ငွေဆောင်ကမ်းခြေရှိဟိုတယ်များ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေ Azura Hotel ၌ ကျင်းပသော ခရီးသွားရာသီဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ချောင်းသာကမ်းခြေဟိုတယ်လုပ်ငန်းရှင်တစ်ဦးက Azura Hotel ကမ်းခြေရှိ သဲသောင်ပြင်တွင် ချောင်းသာ ကမ်းခြေဒေသခရီးသွားရာသီဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ချေးငွေလျှော်ကွာများကို ဒီဇင်ဘာလ ၃ ရက်နေ့အထိ အစိုးရရုံးပိတ်ရက်များအပါအဝင် ရုံးချိန်အတွင်း ဆက်လက်လက်ခံ ဆောင်ရွက်ပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ
သတင်းထုတ်ပြန်ချက် (၄/၂၀၂၁)
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ် သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည်ဖြစ်ပါကြောင်းနှင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(ရန်ကုန်မြို့) နှင့် တိုင်းဒေသကြီး/ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းရုံးများ၌ လက်ခံသွားမည်ဖြစ်ပါကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

၂။ ချေးငွေလျှောက်ထားရန် ပုံစံပါအချက်များနှင့် ကိုက်ညီစေရေး ပြင်ဆင်ရခြင်းများ အပါအဝင် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရုံးပိတ်ရက်များပြားနေမှုကြောင့် အချိန်မီတင်ပြနိုင်ရေး အခက်အခဲဖြင့်ကြုံတွေ့နေရခြင်းကြောင့် ချေးယူလိုသူများက ကာလတိုးမြှင့်သတ်မှတ်ပေးပါရန် မေတ္တာရပ်ခံလာကြသဖြင့် ချေးငွေလျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့အထိ အစိုးရရုံးပိတ်ရက်များအပါအဝင် ရုံးချိန်အတွင်း ဆက်လက်လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး
သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ

နေပြည်တော်အတွင်းရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ညောင်လွန့်ပူးပေါင်းစစ်ဆေးရေးဂိတ်၊ အမှတ်(၅) လမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်မှာကြားကာ နှာခေါင်းစည်းများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ တပ်ကုန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်က ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါခံစားနေရသူများကို ကုသပေးနေမှုနှင့် ပြည်သူများအား ကုသမှုပေးနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျန်းမာရေးဝန်ထမ်းများအတွက် နှာခေါင်းစည်းများကို ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ လျှပ်စစ်မီတာခများ ပေးသွင်းနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြား၍ နှာခေါင်းစည်းများ ဖြန့်ဝေပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး နှာခေါင်းစည်းများကို ပေးအပ်၍ စာသင်ခန်းများအလိုက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မဟာသီဟနာဒစာသင်တိုက်သို့ သွားရောက်၍ မဟာသီဟနာဒ စာသင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူကြပြီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကြက်ဥ နှင့် နှာခေါင်းစည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမအတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ နှာခေါင်းစည်းများ ဝေငှပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကင်းသာပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိစစ်ဆေးပြီး နှာခေါင်းစည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၇၅၇ ကျောင်းတို့ကို လက်သန့်ဆေးရည်ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၇၅၇ ကျောင်းတို့ကို လက်သန့်ဆေးရည် ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးသိုက်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စည်ပင်သာယာရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ အဆင်ပြေချောမွေ့စေရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က အထက(ပေါင်းတည်)သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း စက်ဘီးရပ်နားရန်နေရာ၊ အထက (မင်းကွက်)နှင့် အထက (မြို့မ) ကျောင်းတို့အတွက် ကလေးကစားကွင်းများ တည်ဆောက်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နတ်တလင်းမြို့ ရွှေလင်းခန်းမသို့ ရောက်ရှိပြီး ခန်းမဘက်စုံ ပြန်လည်ပြုပြင်နိုင်ရန်နှင့် နတ်တလင်းမြို့မစျေးအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် စျေးတွင်းပတ်လမ်း ကွန်ကရစ်ခင်းနိုင်ရေး၊ ကြခတ်ဝါးရုံကျေးရွာ၌ နွေစပါးစိုက်ပျိုးရေးရရှိရေး ဆိုလာစနစ်အသုံးပြု၍ စမ်းသပ်ဆောင်ရွက်နေမှု၊ ရှမ်းတော - မင်းလှ - အင်းဘုတ်ကုန်း - မိုးညှိလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ မိုးညှိမြို့၊ ပြည်သူ့ဆေးရုံဝင်းအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုး ၁၅၀ ထွက်ရှိသည့် အောက်ဆီဂျင်ထုတ်သည့်စက် လည်ပတ်ထုတ်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထိန်တောကျေးလက်စျေး အဆင့်မြှင့်တင်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ထိန်တောတိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်း-ခမုံ-ထိန်တော-မိုးညှိလမ်းပိုင်းရှိ တည်ဆောက်နေသည့် တော်လသတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငါတို့ ဘာကြောင့် ကျောင်းသွားရတာလဲ

ဒေါက်တာမောင်သင်း
(ပါမောက္ခချုပ် (ငြိမ်း)၊ မန္တလေးတက္ကသိုလ်)

၁၉၉၄ ခုနှစ်တွင် စာပေနိုဘယ်ဆုကိုရခဲ့သူ ဂျပန်လူမျိုး **ကင်ဇာဘူရိုအိုအဲ** (Kenzaburo Oe) က အထက်ပါ မေးခွန်းကို သူ့ဘဝမှာ နှစ်ခါ မေးခဲ့ပါသည်တဲ့။ သူငယ်ငယ်တုန်းက ကျောင်းပြေးပြီး တောထဲမှာ သစ်ပင်အမည်တွေ လိုက်မှတ်နေရင်း တစ်ကြိမ်နှင့် နောက်တစ်ကြိမ်ကတော့ အာရုံကြောချို့တဲ့နေသည့် သူ့သားကြီး ကျောင်းစသွားတဲ့နေ့မှာပါ။ သူက **"ကိုယ့်ဟာကိုယ်ဖြစ်အောင် လုပ်နိုင်ဖို့နှင့် အရင်ကျောင်းသားတွေရဲ့ အတွေ့အကြုံတွေကို ဆက်ခံရန် အတွက် အခြားသူတွေနဲ့အတူ ကျောင်းသို့သွားပြီး အတူစာသင်၊ အတူကစားကြတာ"** ဟု ဖြေခဲ့ပါသည်။

ကျွန်တော်တို့လည်း ကျောင်းသို့ သွားခဲ့ကြပါသည်။ ကျွန်တော်တို့ ကျောင်းတက်ခဲ့ကြသည့် အချိန်ကို ပြန်ကြည့်ပြီး အထက်ပါ ဂျပန်နိုဘယ်ဆုရှင်၏ မေးခွန်းကို မြန်မာ့အမြင်ဖြင့် ဖြေကြည့်ကြစေချင်ပါသည်။ ဖြေနိုင်ရန် ကျောင်းက ကျွန်တော်တို့ကို ဘာတွေသင်ပေး၊ လေ့ကျင့်ပေးခဲ့ကြပါသလဲ။ ကျောင်းက ဘာတွေရခဲ့ပါသလဲနှင့် အဲဒီတုန်းက ကျောင်းဆိုတာကို ဘယ်လိုမြင်ခဲ့ပါသလဲ ဆိုတာတွေကို လေးလေးနက်နက် သိမြင်နိုင်ပါမှ ကျွန်တော်တို့ မြန်မာကလေးများ ဘာကြောင့် ကျောင်းသို့သွားနေကြသလဲဆိုတာကို ဖြေနိုင်ပါလိမ့်မည်။ ကဗျာဆရာကြီး တင်မိုး၏ အဖြေမှာ –

မနီကလေး ဘယ်ကိုသွား
စာသင်ကျောင်းကိုသွား။
စာသင်ကျောင်းက ဘာတွေသင်
စာရေး စာဖတ်သင်။
စာရေး စာဖတ် ဘာလုပ်ဖို့
မနီ လိမ္မာဖို့ .....တဲ့။

ကျွန်တော်တို့လည်း မနီကဲ့သို့ပင် လိမ္မာရန်အတွက် စာသင်ကျောင်းဟုဆိုသည့် "အခြေခံပညာမူလတန်းကျောင်း" မှစတင်ကာ ကျောင်းတွေ အဆင့်ဆင့်တက်ခဲ့ကြပါသည်။ လိမ္မာခြင်းသည် အောက်ဖော်ပြပါ လူ့အရည်အသွေးများကို ပိုင်ဆိုင်လာခြင်းပင် ဖြစ်ပါလိမ့်မည်။

စာချည်းသက်သာ သင်တဲ့နေရာ မဟုတ်ပါ

"စာသင်ကျောင်း" များသည် စာချည်းသက်သက် သင်ကာ စာမေးပွဲရမှတ် ပြိုင်သည့်နေရာ မဟုတ်ပါ။ စာကို အခြေပြုပြီး ကမ္ဘာကြီးမှာ ဖြစ်ပျက်ခဲ့၊ ဖြစ်ပျက်နေဆဲနှင့် ဖြစ်ပျက်နိုင်မည့် အရာတွေကို ကျောင်းနှင့် စာသင်ခန်းကို ကျော်၍ လှမ်းမျှော်ကြည့်တတ်အောင် ဆရာများက "ဉာဏ်မျက်စိဖွင့်" ပေးတဲ့ နေရာပါ။ လူမှာ မွေးကတည်းကပါလာသည့် ဗီဇကောင်း၊ ဗီဇမွန်များကို ပိုမိုတောက်ပြောင်လာစေပြီး ဗလငါးတန် ဖွံ့ဖြိုးလာအောင် ဆရာကောင်း၊ ဆရာမြတ်များထံ ပို့ပြီး လေ့ကျင့်ပေးတဲ့နေရာဟာ ကျောင်းပါပဲ။ ကျွန်တော်တို့ရဲ့ ကာယ၊ ဉာဏ စွမ်းရည် ဖွံ့ဖြိုးလာပြီး လိမ္မာသူ၊ ယဉ်ကျေးပျူငှာသူ၊ တော်သလောက် ကောင်းမွန်တဲ့ ကိုယ်ကျင့်တရားပိုင်ဆိုင်သူနှင့် လူမှုဆက်ဆံရေးပြည့်ဝသည့် နိုင်ငံသားများ ဖြစ်လာစေရန် မျှော်မှန်းပြီး လေ့ကျင့်ပေးတဲ့နေရာပါ။ ကျောင်းများ၏ အဓိကလုပ်ငန်းများမှာ –

(က) ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ထိန်းကျောင်းနိုင်ရန် လေ့ကျင့်ပေးသည့် နေရာ

"ကျောင်း" ဆိုသည့် မြန်မာဝေါဟာရသည် "ထိန်းကျောင်း" ဟူသည့် စကားရပ်မှ ဆင်းသက်လာသည်ဟု ဆရာကြီးများက ရှင်းပြခဲ့သည်ကို မှတ်သားဖူးပါသည်။ "ထိန်းကျောင်း" သည့် လုပ်ငန်းစဉ်နှစ်မျိုး ရှိပါသည်။ ပထမအချက်အနေဖြင့် မိသားစုနှင့် ခွဲခွာပြီး ဒုတိယအိမ်ဖြစ်သည့် ကျောင်းသို့ စတက်ချိန်၌ လူစိမ်း၊ သူစိမ်းများနှင့် လိုက်လျောညီထွေစွာ နေထိုင်ဆက်ဆံတတ်ရန်၊ အဆင်ပြေရန်၊ မိမိကိုယ်တိုင် လုပ်ဆောင်တတ်ရန်အတွက် ဆရာများက ပံ့ပြင်တည့်မတ် ထိန်းကျောင်းပေးပါသည်။ တစ်နည်းအားဖြင့် ဆွေးမျိုးသားချင်း မိသားစုသာ ရှိသည်ဟု မြင်ထားရာမှ သွေးမတော်သားမစပ်သူများနှင့်လည်း သားချင်းမောင်နှမများပမာ မိသားစုတစ်စုကဲ့သို့ ပြုမူနေထိုင်တတ်ရန် လေ့ကျင့်ပေးခြင်းပင် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အနာဂတ်လူ့ဘောင်လောကတွင် ရင်ဆိုင်ရမည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများ၊ ကောင်းမွန်သည့် လူမှုဆက်ဆံရေးနှင့် စား၊ ဝတ်၊ နေရေး ဆောင်ရွက်ရာတွင် သိသင့်သိထိုက်၊ တတ်ထားရမည့် အသိပညာ၊ အတတ်ပညာများကို သင်ပေးရင်း နောက်ဆုံးတွင် ကျောင်းက လေ့ကျင့်ပေးလိုက်သူ လူတစ်ဦးချင်းသည် "ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနိုင်သည့် နိုင်ငံသားများ" "ကိုယ့်အားကိုယ်ကိုး နိုင်သူများ" အဖြစ် ပေါ်ထွန်းလာစေရန် အရည်အသွေးများ တပ်ဆင်ပေးသည့် နေရာပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျောင်းစရောက်ချိန်တွင် ဆရာ ဆရာမများ၏ ပံ့ပြင်ထိန်းကျောင်းခြင်းကို ခံယူပြီးနောက် အရွယ်ရောက်လာသည့်အခါတွင် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်သည့် တန်ဖိုးမြင့် လူသားများအဖြစ် လေ့ကျင့်ပေးသည့်နေရာ ဖြစ်ပါသည်။ ယနေ့ ပညာရေးမှာ "လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျ နေထိုင်တတ်ဖို့ သင်ယူစို့" (Learning to live) ဟူသည့် ဆောင်ပုဒ်ကို အကောင်အထည်ဖော်တဲ့နေရာပါ။

(ခ) ပညာရေးရဲ့ ရည်မှန်းချက်ကို ဖော်ဆောင်သည့် နေရာ

"ပညာရေးဟာ ဧကရာဇ်ကြီး၊ တရားသူကြီး၊ ပုဒ်ရဟန်းမင်းကြီး၊ စစ်ဗိုလ်ချုပ်ကြီး ဖြစ်ဖို့ မဟုတ်ပါ။ ပြည်သူ၊ ပြည်သားကောင်းတစ်ယောက် မွေးထုတ်ပေးရန် လေ့ကျင့်ပေးတာပါ" ဟု အတွေးအခေါ်ပညာရှင်ကြီး "ရူးဆိုး" က ဆိုခဲ့ပါသည်။ "ဘာထရန်ရပ်ဆယ်" ကတော့ "ပညာရေးဟာ လူဆန်တဲ့ လူသားတွေ မွေးထုတ်ခြင်း" တဲ့။ လူဆန်တဲ့ လူသားဆိုတာ ရည်မွန်သူ၊ ယဉ်ကျေးသူတွေဖြစ်ကာ၊ လောကရဲ့ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားသိနိုင်စွမ်းရှိရပါမယ်တဲ့။ ပြီးတော့ အမှန်တရားကို သစ္စာခံနိုင်စွမ်းရှိပြီး လူမှုအသိုင်းအဝိုင်း၏ ကောင်းကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်စွမ်းရှိသည့် လူသားပါတဲ့။ အဲဒီလို လူ့စွမ်းအားမြှင့်တင်ပေးသည့် ပညာရေးလုပ်ငန်းကို ရှေ့ဆုံးက အကောင်အထည်ဖော်တဲ့နေရာဟာ ကျောင်းပါ။ ကျွန်တော်တို့သည့် ငြိမ်းချမ်းမှုကို ပေးစွမ်းသည့် အမှန်တရား ဓမ္မကို သစ္စာခံမည့် လူဆန်သည့် လူသားအဖြစ် လေ့ကျင့်မှုခံယူရန် ကျောင်းသို့ သွားကြသည်။ ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်သူ နိုင်ငံသားများဖြင့် ပြည့်လျှမ်းနေစေရန် နိုင်ငံတိုင်းမှာ ကျောင်းတွေဖွင့်ကြသည်။ ကျောင်းများတွင် အနာဂတ် မျိုးဆက်သစ်အားလုံးသည် ကျန်းမာကြံခိုင်သူ၊ ကျန်းမာရေးအသိ ကြွယ်ဝသူ၊ လူမှုရေးစိတ်ဓာတ် ဖွံ့ဖြိုးသူ၊ စိတ်ခံစားမှုကို ထိန်းသိမ်းနိုင်သူ၊ ကိုယ်ကျင့်တရားနှင့် မိမိတို့၏ ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားသူ၊ စာနာတတ်သူ၊ စိတ်ထားနူးညံ့သိမ်မွေ့သူ၊ အနုပညာခံစားနိုင်သူ၊ ကျိုးကြောင်းညီညွတ်စွာ ပြဿနာကို ချဉ်းကပ်ကျော်လွှားနိုင်သူ၊ စည်းကမ်းလိုက်နာ တန်ဖိုးထားသူနှင့် မတူညီမှုများကို နားလည်လက်ခံဆောင်ရွက်နိုင်သူ စသည့် လူ့တန်ဖိုးများကို ပိုင်ဆိုင်ရန် လေ့ကျင့်ပေးနေပါသည်။ သို့ပါ၍ လူသား၏ အထက်ဖော်ပြပါ ဗီဇကောင်းများ ပေါ်ထွန်းလာစေရန် ညွှန်ပြလေ့ကျင့်ပေးသူ ဆရာများ၊ သင်ရိုးညွှန်းတမ်း၊ အတန်းသတ်မှတ်မှု အရည်အသွေး အကဲဖြတ်ခြင်း၊ အချိန်ကာလ သတ်မှတ်ချက်နှင့် စည်းစနစ်ကျသည့် စီမံခန့်ခွဲမှုဖြင့် ပညာရေးကို အကောင်အထည်ဖော်ဆောင်နေသည့် နေရာသည် ကျောင်းဖြစ်ပါသည်။

(ဂ) လူပြင်သည့် နေရာ

ကျွန်တော်တို့ရဲ့ ဆရာကြီးတွေ အမြဲသုံးနေကျ စကားလုံးပါ။ ပျက်၍ ပြင်ခြင်း မဟုတ်ပါ။ အနာဂတ်လူ့ဘောင်အတွက် အသင့်အနေအထားရှိရန် **"ကြိုတင်၍ အသင့်ပြင်ဆင်ပေးနေခြင်း"** ပါ။ သို့ပါ၍ ကျောင်းသည် ဆရာများ၊ ကျောင်းသားများနှင့် ဖွဲ့စည်းထားစိတ်ဓာတ်ဖွံ့ဖြိုးသူ၊ စိတ်ခံစားမှုကို ထိန်းသိမ်းနိုင်သူ၊ ကိုယ်ကျင့်တရားနှင့် မိမိတို့၏ ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားသူ၊ စာနာတတ်သူ၊ စိတ်ထားနူးညံ့သိမ်မွေ့သူ၊ အနုပညာခံစားနိုင်သူ၊ ကျိုးကြောင်းညီညွတ်စွာ ပြဿနာကို ချဉ်းကပ်ကျော်လွှားနိုင်သူ၊ စည်းကမ်းလိုက်နာ တန်ဖိုးထားသူနှင့် မတူညီမှုများကို နားလည်လက်ခံဆောင်ရွက်နိုင်သူ စသည့် လူ့တန်ဖိုးများကို ပိုင်ဆိုင်ရန် လေ့ကျင့်ပေးသူ ဆရာများ၊ သင်ရိုးညွှန်းတမ်း၊ အတန်းသတ်မှတ်မှု အရည်အသွေး အကဲဖြတ်ခြင်း၊ အချိန်ကာလ သတ်မှတ်ချက်နှင့် စည်းစနစ်ကျသည့် စီမံခန့်ခွဲမှုဖြင့် ပညာရေးကို အကောင်အထည်ဖော်ဆောင်နေသည့် နေရာသည် ကျောင်းဖြစ်ပါသည်။

(ဃ) လူပြင်သည့် နေရာ

ကျွန်တော်တို့ရဲ့ ဆရာကြီးတွေ အမြဲသုံးနေကျ စကားလုံးပါ။ ပျက်၍ ပြင်ခြင်း မဟုတ်ပါ။ အနာဂတ်လူ့ဘောင်အတွက် အသင့်အနေအထားရှိရန် **"ကြိုတင်၍ အသင့်ပြင်ဆင်ပေးနေခြင်း"** ပါ။ သို့ပါ၍ ကျောင်းသည် ဆရာများ၊ ကျောင်းသားများနှင့် ဖွဲ့စည်းထား

ကျွန်တော်တို့သည့် ငြိမ်းချမ်းမှုကို ပေးစွမ်းသည့် အမှန်တရားဓမ္မကို သစ္စာခံမည့် လူဆန်သည့် လူသားအဖြစ် လေ့ကျင့်မှုခံယူရန် ကျောင်းသို့ သွားကြသည်။ ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်သူ နိုင်ငံသားများဖြင့် ပြည့်လျှမ်းနေစေရန် နိုင်ငံတိုင်းမှာ ကျောင်းတွေ ဖွင့်ကြသည်။ ကျောင်းများတွင် အနာဂတ်မျိုးဆက်သစ်အားလုံးသည် ကျန်းမာကြံခိုင်သူ၊ ကျန်းမာရေးအသိ ကြွယ်ဝသူ၊ လူမှုရေးစိတ်ဓာတ် ဖွံ့ဖြိုးသူ၊ စိတ်ခံစားမှုကို ထိန်းသိမ်းနိုင်သူ၊ ကိုယ်ကျင့်တရားနှင့် မိမိတို့၏ ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားသူ၊ စာနာတတ်သူ၊ စိတ်ထားနူးညံ့သိမ်မွေ့သူ၊ အနုပညာခံစားနိုင်သူ၊ ကျိုးကြောင်းညီညွတ်စွာ ပြဿနာကို ချဉ်းကပ်ကျော်လွှားနိုင်သူ၊ စည်းကမ်းလိုက်နာ တန်ဖိုးထားသူနှင့် မတူညီမှုများကို နားလည်လက်ခံဆောင်ရွက်နိုင်သူ စသည့်လူ့တန်ဖိုးများကို ပိုင်ဆိုင်ရန် လေ့ကျင့်ပေးနေ

(င) ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်တတ်စေရန်

ဆရာကြီး ခင်ဗျာ...

"ကျွန်တော့် မျက်နှာကြောင့် ကျွန်တော့် သမီးကို မျက်နှာသာ မပေးပါနဲ့ ခင်ဗျာ" ဟု ကျောင်းအုပ်ကြီး ဆီ ဖခင်က စာရေးပြီး ကျောင်းအပ်ပါသည်။ ကျောင်းအုပ်ဆရာကြီးက စာပြန်လိုက်သည်မှာ –

လူကြီးမင်း ခင်ဗျာ...

"လူကြီးမင်း၏ မျက်နှာကို ထောက်ထားပြီး လူကြီးမင်း၏ သမီးကို လုံးဝမျက်နှာသာ မပေးပါ" တဲ့။ ထိုစာ နှစ်စောင်တွင် ပေးစာရေးသူ ဖခင်က အိန္ဒိယလွတ်လပ်ရေးဖခင်ကြီး "ဂျဝါဟာလာနေရူး" ဖြစ်ပြီး ပြန်စာရေးသူ ဆရာကြီးက စာပေနိုဘယ်ဆုရှင် "ရာဘင်ဒြာနတ်တဂိုး" ဖြစ်ပါသည်။ သမီးကတော့ နောင်တွင် အမျိုးသမီး ဝန်ကြီးချုပ်ဖြစ်လာမည့် "အင်ဒီယာဂန္ဒီ" ဖြစ်ပါသည်။ မိဘရဲ့ အရိုန်အဝါကြောင့် "သင်ကြား သင်ယူမှု အဖွဲ့အစည်း" လောက်သာ မဟုတ်ပါ။ **"အနာဂတ် လူ့အဖွဲ့အစည်းရဲ့ ရှေ့ပြေးပုံစံငယ်"** ဖြစ်ပါတယ်။ အနာဂတ် လူ့အဖွဲ့အစည်းမှာ ကြုံတွေ့နိုင်၊ ဖြစ်လာနိုင်မည့် အခြေအနေများကို မျှော်မှန်းပြီး အံဝင်ခွင်ကျရှိစေမည့် အလေ့အကျင့်နှင့် စွမ်းရည်များ ပေါ်ထွက်လာအောင် လူသားများအား ကြိုတင်လေ့ကျင့်ပေးသည့် နေရာ (သို့မဟုတ်) လူကောင်း၊ လူချွန်စွမ်းရည်များကို တပ်ဆင်ပေးနေတဲ့နေရာပါ။ ကျောင်းသည် အနာဂတ် လူ့အဖွဲ့အစည်းအတွက် လူသားတိုင်းကို အောက်ပါ အရည်အသွေးများအား ကြိုတင်၍ အသင့်ပြင်ဆင်ပေးနေပါသည်။

**(၁

အနာဂတ်မှာ ဖြစ်ထွန်းလာမည့် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျမည့် အထက်ပါ အရည်အသွေးများ ပိုင်ဆိုင်လာစေရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးတာမို့ ကျွန်တော်တို့ ကျောင်းတက်ခဲ့ကြတာပါ။ လေ့ကျင့်ပေးတာလည်း စည်းကမ်းကျနစွာဖြင့် အသက်အရွယ်နှင့်လိုက်ဖက်မည့် သင်ရိုး၊ အချိန်၊ တတ်မြောက်မှု စစ်ဆေးခြင်း စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်၍ လူ့တန်ဖိုးများကို ဖြည့်ဆည်းပေးခြင်းပါ။ ထို့အတူ လောကတွင် သိသင့်၊ သိအပ်သည့် ဘာသာစကားများနှင့် ပညာရပ်များကို အခြေပြု၍ ဖတ်စာအုပ်နှင့် စာသင်ခန်းကိုကျော်ကာ လောကကြီးကို မြင်တတ်၊ ကြည့်တတ်၊ လေ့လာတတ်၊ အသုံးချတတ်၊ သင်ခန်းစာယူတတ်၊ တွေးတတ်၊ ခေါ်တတ်အောင် လေ့ကျင့်ပေး

* စာမျက်နှာ ၆ မှ

နိုင်ငံသားကောင်းတစ်ဦးဖြစ်လာလျှင် ဒီမိုကရေစီစိတ်ထား ပိုင်ဆိုင်သူ (Good Democrat) အဖြစ်လည်း ကျွဲကူးရေပါဖြစ်လာတော့သည်။ ထိုစိတ်ထား ပိုင်ရှင်သည် စာရိတ္တခိုင်မာမှု၊ စာနာမှု၊ လူမှုဆက်ဆံရေးအသိ မြင့်မားမှု၊ ပြောဆိုလိမ္မာယဉ်ကျေးမှု၊ ကျန်းမာကြံ့ခိုင်မှု၊ နိုင်လိုမင်းထက်ကင်းမှု၊ သည်းခံမှု၊ စည်းကမ်းလိုက်နာမှု၊ ပြဿနာကို ကျိုးကြောင်းဆီလျော်စွာ ဖြေရှင်းနိုင်မှုနှင့် ရည်မှန်းချက်ကို ပေါက်မြောက်အောင် စုပေါင်းဆောင်ရွက်တတ်မှု စသည့် ဗလငါးတန် ပြည့်စုံသည့် နိုင်ငံသားများပင် ဖြစ်ပါသည်။ ထို့အပြင် ကျောင်းသည် မိမိနှင့် မိမိလူ့အဖွဲ့အစည်း၏ မငြိမ်းချမ်းမှုကို ရှောင်ရှားသူနှင့် ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်သူများဖြစ်လာအောင် လေ့ကျင့်ပေးပါသည်။ ထိုသို့လေ့ကျင့်ရာ၌ အဓိကသင်ရိုးထဲတွင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို အခြေပြု၍ လည်းကောင်း၊ သင်ရိုးပြင်ပ ဖွံ့ဖြိုးရေးအချိန်များ၊ အားကစားလေ့ကျင့်မှုများ၊ လေ့လာရေးခရီးများ၊ ကျောင်းတွင်းပြပွဲ၊ ပြိုင်ပွဲများ၊ ကျောင်းကောင်စီအဖွဲ့များတွင် လှုပ်ရှားစေခြင်းတို့ ပါဝင်ပါသည်။

(၄) ကြီးသူကို ရိုသေ၊ အားနည်းသူ၊ ငယ်သူကို စာနာတတ်ရန်

ကျောင်းတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ့်ထက် အတန်းကြီးသူနှင့်ရော၊ ကိုယ့်ထက်ငယ်သူနှင့်ပါ ပူးပေါင်းအကောင်အထည်ဖော်ကြရပါသည်။ ထိုအခါ ကိုယ့်ထက်ကြီးသူများ၏ အတွေ့အကြုံသည် မိမိတို့ ဆောင်ရွက်ထားသမျှထက် သာလွန်သဖြင့် သူတို့၏ဦးဆောင်မှုနောက်သို့ တလေးတစား လိုက်ပါဆောင်ရွက်ကြပါသည်။ ထို့အတူ ကိုယ်အတန်းကြီး ရောက်လာသည့်အခါတွင်လည်း ကိုယ့်ထက်အကြီးများက ကိုယ့်ကို တန်ဖိုးထားပြီး သင်ပေးခဲ့၊ လက်တွဲခေါ်ခဲ့သည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြပါသည်။ ကျွန်တော်တို့ စတုတ္ထတန်းတုန်းက သူငယ်တန်းကလေးများကို ထိန်းကျောင်းပေးရ၊ သူတို့နှင့်အတူ ကစားခဲ့ကြရပါသည်။ ကိုယ်ငယ်စဉ်က သူငယ်တန်းဘဝကို သတိရမိသလို ငယ်ရွယ်သူများကို စာနာစိတ်ထားနိုင်ခဲ့ပါသည်။ ထိုဓလေ့ကောင်းသည် ယနေ့အထိ ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းများတွင် ရှင်သန်ဆဲပါ။ ကျောင်းတွင်းတွင် ကိုယ့်အသင်းအလံ ထိပ်ဆုံးမှာ ချိတ်နိုင်ရေးအတွက် အသင်းဝင်များ အားလုံးသည် ကျောင်းတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်ပါဆောင်ရွက်ရင်း ဆရာ ဆရာမများနှင့် အတန်းကြီးသူတို့ရဲ့ ဆောင်ရွက်ချက်များကို လေးစားတန်ဖိုးထားတတ်မှုနှင့်အတူ အတန်းငယ်များ၏ အသက်ငယ်မှု၊ ကာယအားနှင့် အသိဉာဏ်အားနည်းချက်များကို စာနာရင်း သူတို့ကို ပိုမိုစွမ်းဆောင်နိုင်ရန် ဖေးမကူညီတတ်သည့် အလေ့အကျင့် ကောင်းများ ရရှိခဲ့ပါသည်။

(၅) လူမှုဘဝပြဿနာများကို ရင်ဆိုင်ကျော်လွှားတတ်စေရန်

လူရှိရာအရပ်သည် ပြဿနာ အမြဲရှိပါသည်။ ကျောင်းသားအရွယ်တွင် စာမလိုက်နိုင်မှာ၊ ကျောင်းနောက်ကျမှာ၊ အချင်းချင်း စကားပြော အဆင်မပြေမှာ၊ ဆရာ ဆရာမ ငြိုငြင်မှာ၊ နောက်ဆုံးတွင် စာမေးပွဲ မအောင်မှာ စသည့် ကျောင်းတွင် ကြုံတွေ့ရသည့် ပြဿနာများကို ဖြေရှင်းရသည်။ ဖြေရှင်းရာတွင် စည်းမဲ့ကမ်းမဲ့ ဖြေရှင်း၍မရပေ။ ကျောင်း၊ အတန်းများ၏ စည်းကမ်း၊ လူမှုကျင့်ဝတ်များနှင့်အညီ ဖြေရှင်းတတ်ရန် လိုပါသည်။ ကျောင်းကထွက်သွားလျှင်လည်း ပြဿနာက ရှိနေပေဦးမည်။ "လူတစ်ယောက်၏ဘဝတွင် ကြုံတွေ့ရမည့်ပြဿနာကြီးကြီးသေးသေး အရေအတွက်သည် ဦးခေါင်းရှိဆံပင်အရေအတွက်လောက်ရှိသည်" ဟု ၂၀ ရာစု၏ အထင်ရှားဆုံး စိတ်ပညာရှင်ကြီး "ဆစ်ဂမန်ဖရွိုက်" က ဆိုခဲ့ပါသည်။ အောင်မြင်သူဆိုတာ ပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်သူဖြစ်ပြီး ကျရှုံးသူဟာ ပြဿနာကို ကြောက်၍ နောက်ဆုတ်ခဲ့သူများသာ ဖြစ်ပါသည်။ ထိုသို့ ပြဿနာကို ဖြေရှင်းကျော်လွှားတတ်ရန်အတွက် ကျောင်းများတွင် သခ်ၤာဘာသာရပ်ဖြင့် လေ့ကျင့်ပေးပါသည်။ သခ်ၤာပုစ္ဆာဆိုတာ ပြဿနာတစ်မျိုးပါ။ သခ်ၤာ၏ ဥပဒေသကို အသုံးပြုပြီး ပုစ္ဆာကို ဖြေရှင်းရသလို လူ့ဘဝပြဿနာများကိုလည်း လူ့ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများဖြင့် စနစ်ကျနစွာ ဖြေရှင်းတတ်စေရန် လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ တချို့နိုင်ငံများတွင် လောဂျစ် (Logics) ကို သင်ကြားပေးပါသည်။ လူမှုရေး ပြဿနာများကို ဖြေရှင်းတတ်ရန် သင်ရိုးတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို ထည့်သွင်းသင်ကြားပေးပါသည်။ ကျိုးကြောင်းညီညွတ်စွာ ပြဿနာများကို ဖြေရှင်းတတ်ရန် လေ့ကျင့်ပေးရင်း ဘဝကို အောင်မြင်သူအဖြစ် ရပ်တည်သွားရန် ရည်ရွယ်ပါသည်။

(၆) အောင်မြင်မှုအတွက် အစဉ်လေ့လာသင်ယူနေသူ ဖြစ်လာစေရန်

ကျောင်းတွေမှာ သတ်မှတ်ကာလနှင့် သင်ရိုးညွှန်းတမ်းတို့ဖြင့် လေ့ကျင့်ပေးပါသည်။ ထို့အတူ တတ်ကျွမ်းမှုကို စစ်ဆေးပြီး အတန်းတက်ပေးပါသည်။ တက်ရသည့်အတန်းသည် ယခင်အတန်းတွင် သင်ခဲ့သည့် သင်ခန်းစာများထက်မြင့်သည့် သင်ခန်းစာများ ဆက်လက်သင်ကြားပေးပါသည်။ သို့ပါ၍ အတန်းတိုင်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ ပထဝီဝင်၊ အထွေထွေသိပ္ပံ၊ သမိုင်းတို့၏ သင်ရိုးညွှန်းတမ်းများသည် အတန်းကြီးလာသည်နှင့်အမျှ အဆင့်မြင့်လာသည်။ သင်ရိုးညွှန်းတမ်းမှန်သမျှသည် နိမ့်ရာမှ မြင့်ရာသို့၊ လွယ်ရာမှ ခက်ရာသို့ အဆင့်မြင့်သွားကြပါသည်။ မိမိသည် အလယ်တန်းအောင်လျှင် အထက်တန်းမှာ သင်စရာတွေကျန်သေးသည်။ အထက်တန်းကျောင်းအောင်လျှင် တက္ကသိုလ်မှာ ဆက်လက်သင်ယူလေ့လာရန် လိုသေးသည်။ အတန်းတစ်တန်း အောင်ခြင်းသည် ဤအရွယ်၊ ဤအဆင့်တွင် သိသင့်၊ သိအပ်၊ နားလည်အပ်သည်ကို ပေးထားသည့် ကာလအတွင်း လေ့လာလေ့ကျင့်ပြီးမြောက်ပါပြီ။ သည့်ထက် ပိုသိ၊ ပိုတတ်ရန် ဆက်လက်လေ့လာပါဟူ၍ သိချင်၊ တတ်ချင်စိတ်နှင့် သင်ယူလိုစိတ်ကိုလည်း နှိုးဆွပေးလိုက်ပါသည်။ ပညာတွေတတ်ပြီဟု မဆိုလို၍ ဘွဲ့ရတာ ပညာတတ်ပြီဟု မမှတ်ယူသင့်ပါ။ တကယ်တော့ ဘွဲ့ရသူဆိုတာ ဆက်လက်သင်ယူလိုစိတ်ပြင်းပြသူ (Love for learning) ပါ။ ဆက်လက်လေ့လာနိုင်ရန် အခြေခံအုတ်မြစ်နှင့် စနစ်တကျလေ့လာနည်းကို ကျောင်းတွေက သင်ကြားပေးလိုက်ခြင်းပါ။ စနစ်ကျနစွာ လေ့လာမှုက သင်ယူတတ်မြောက်မှုနှုန်းကို မြန်စေပါသည်။ အစဉ်လေ့လာနေမှသာ အောင်မြင်သူ၊ အနာဂတ်ကို ခေါင်းဆောင်နိုင်သူ ဖြစ်လာမည်ဟူသည့် အသိနှင့် အလေ့အကျင့်ကိုလည်း ဖြည့်ဆည်းပေးလိုက်ပါသည်။

(၇) ဘုံရည်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်တတ်ရန်

ကျောင်းတွေမှာ ကျောင်းကောင်စီအသင်းများ ရှိပါသည်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက လေးသင်းပါ။ ယခုတော့ ငါးသင်း ဖြစ်နေပါပြီ။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗန္ဓုလအသင်းများပဲ ဖြစ်ပါသည်။ အနော်ရထာသည် နောက်တိုးအသင်း ဖြစ်ပါသည်။ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုရလဒ်ကြောင့် ကိုယ့်အသင်းအလံ ထိပ်ဆုံးတွင် ချိတ်ဆွဲနိုင်ရေးအတွက် အားကစား၊ သန့်ရှင်းရေး၊ စည်းကမ်းလိုက်နာမှု၊ လပတ်စာမေးပွဲ ဖြေဆိုအောင်မြင်မှု၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကြက်ခြေနီအသင်း၊ စကားရည်လုပွဲ၊ ဟောပြောပွဲများ၌ တက်ကြွစွာ ပါဝင်လှုပ်ရှားရာတွင် အသင်းတာဝန်ခံ ဆရာ ဆရာမများ၏ ဦးဆောင်မှု၊ အတန်းကြီးမှ အစ်ကို အစ်မများ၏ လမ်းပြမှုဖြင့် အသင်းသားများ ညီညီညွတ်ညွတ် ကြိုးပမ်းကြပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် "မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်" ဆိုသည့် ကျောင်းကောင်စီ အဓိဋ္ဌာန် လေးချက်နှင့် ညီရပါလိမ့်မည်။ ထိုလေးချက်သည် သိရုံသက်သက် မဟုတ်ပါ။ ဘဝတစ်လျှောက် ကျင့်ကြံအားထုတ် (Learning to do) ရမည့် အချက်များပါ။ တစ်သင်းတည်းသာ ကောင်းနေ၍ မရပါ။ အသင်း ငါးသင်း စလုံး ကောင်းပါမှ ဖြစ်ပေမည်။ တစ်ဦးချင်း အရည်အသွေး မြင့်မားမှုမှသည် အတန်း၊ ကျောင်းနှင့် နောက်ဆုံးတွင် တိုင်းပြည်ကောင်းမည် ဟူသည့် အကျင့်တရားများ ကျောင်းသားအားလုံး၏ ဦးနှောက်ထဲတွင် စွဲသွားစေရန် လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ ထို့အတူ စုပေါင်းညီညွတ်မှုဖြင့် ကစားရသည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော မှသည် ပြေးခုန်ပစ်အထိ အတန်းဂုဏ်၊ အသင်းဂုဏ်၊ ကျောင်းဂုဏ်မှသည် ဘုံရည်မှန်းချက်ဖြစ်သည့် နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်သည်အထိ စည်းလုံးမှုအင်အားဖြင့် ဆောင်ရွက်တတ်စေရန် ဖော်ဆောင်ပေးနေပါသည်။

ကျောင်း၏လုပ်ငန်းများကို ချုပ်ရမည်ဆိုလျှင် ကျောင်းဆိုတာ သင်ကြား၊ သင်ယူမှု ဝန်းကျင်ဆိုတာ ထက် ပိုမိုလေးနက်သည့် **"အနာဂတ် လူ့အဖွဲ့အစည်း ရဲ့ ရှေ့ပြေးပုံစံငယ်"** တစ်ခုပါ။ အနာဂတ်မှာ ဖြစ်ထွန်းလာမည့် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျမည့် အထက်ပါအရည်အသွေးများ ပိုင်ဆိုင်လာစေရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးတာမို့ ကျွန်တော်တို့ ကျောင်းတက်ခဲ့ကြတာပါ။ လေ့ကျင့်ပေးတာလည်း စည်းကမ်းကျနစွာဖြင့် အသက်အရွယ်နှင့်လိုက်ဖက်မည့် သင်ရိုး၊ အချိန်၊ တတ်မြောက်မှု စစ်ဆေးခြင်း စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်၍ လူ့တန်ဖိုးများကို ဖြည့်ဆည်းပေးခြင်းပါ။ ထို့အတူ လောကတွင် သိသင့်၊ သိအပ်သည့် ဘာသာစကားများနှင့် ပညာရပ်များကို အခြေပြု၍ ဖတ်စာအုပ်နှင့် စာသင်ခန်းကိုကျော်ကာ လောကကြီးကို မြင်တတ်၊ ကြည့်တတ်၊ လေ့လာတတ်၊ အသုံးချတတ်၊ သင်ခန်းစာယူတတ်၊ တွေးတတ်၊ ခေါ်တတ်အောင် လေ့ကျင့်ပေးပါသည်။ အညွှန့်တလူလူ တက်နေသည့် အနာဂတ်ခေါင်းဆောင်လောင်း မြန်မာ့ကလေးတွေရဲ့ အရည်အသွေး ပိုမိုထွန်းတောက်လာစေရန် ဆရာ ဆရာမများက အရောင်တင် လေ့ကျင့်ပေးသည့် ဝန်းကျင်ကောင်းဟာ ကျောင်းပါပဲ။ ကလေးငယ်တစ်ဦးသည် ဘဝနောက်ခံ မတူသူတွေနှင့် စုစုဝေးဝေးဖြင့် လူ့အဖွဲ့အစည်းကောင်းကျိုးကို စည်းကမ်းလိုက်နာ၊ ငြိမ်းချမ်းစွာ သယ်ပိုးနိုင်သည့်စွမ်းရည်နှင့် အလေ့အကျင့် ရရှိသွားအောင် သင်ပေး၊ လေ့ကျင့်ပေး၊ အသင့်ပြင်ဆင်ပေးသည့် နေရာပါ။ ကလေးငယ်တစ်ဦးချင်းစီ၏ ငြိမ်းချမ်းဖွံ့ဖြိုးသည့် ဘဝသမိုင်းအစာသင်ကျောင်းကပါ။ ထို့အပြင် သူပါဝင်ရမည့် လူ့အဖွဲ့အစည်း၏သမိုင်းကို လှလှပပ စတင်ရေးထိုးနိုင်သည့် နေရာပါ။ လူမမယ်အရွယ်များ၏ တောက်ပတဲ့ အနာဂတ်ကို ဖန်တီးခွင့်ရအောင် အစပြုပေးသည့် နေရာလည်း ဖြစ်ပါသည်။ ကျောင်းသို့ သွားတက်ခြင်းဖြင့် လူ့တန်ဖိုး နိမ့်ကျသွားစရာအကြောင်း မရှိပေ။ သင်ယူခြင်းဟာ အောင်မြင်ခြင်း၊ ဖွံ့ဖြိုးခြင်းပါပဲ။ ကျောင်းမရောက်မီက သာမန်လူသားပါ။ ကျောင်းက ထွက်သွားလျှင် "ပြည့်ဝနိုင်ငံသား" ၊ "တန်ဖိုးမြင့်လူသား" ဖြစ်လာကြရန် ကလေးများ ကျောင်းသို့ သွားကြသည်။ ထို့အတွက် မိဘများက ကျောင်းသို့ ပို့ကြသည်။ ထိုသို့ဖြစ်ရန် ကျောင်းတွင် ဆရာများက သင်ပေး၊ ပြင်ပေး၊ လေ့ကျင့်ပေးကြသည်။

သို့ပါ၍ ဂျပန်လူမျိုး စာပေနိုဘယ်လ်ဆုရှင်ကြီး၏ **"ငါတို့ ဘာကြောင့် ကျောင်းသွားရတာလဲ"** ဆိုသည့် အမေးကို မြန်မာ့လူ့အဖွဲ့အစည်း၏ အမြင်ဖြင့် ဖြေရမည်ဆိုလျှင် **"မွေးရာပါ လူ့အရည်အသွေးတွေ ထက်မြက်စေပြီး လူ့တန်ဖိုးတွေ မြင့်တက်လာကာ ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်မည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန် မြန်မာ့ကလေးများအား စုစုဝေးဝေး လေ့ကျင့်ပေးသည့် နေရာသည် ကျောင်းမှတစ်ပါး အခြားနေရာမရှိပါ။ ထို့ကြောင့် မြန်မာ့ကလေးများ ကျောင်းသို့ သွားကြပါသည်"** ဟု ဖြေရပါလိမ့်မည်။ တစ်နည်းအားဖြင့် ဆရာကြီး တင်မိုး၏ "မနီလေးလို လိမ္မာချင်လို့" ကျောင်းသို့ သွားကြပါကြောင်း မြန်မာတစ်ယောက်အမြင်ဖြင့် ဖြေကြားလိုက်ရပါသည်။ ။

အညွှန်း။ ။ (၁) ကိုတာ (၂၀၀၈)၊ ငါတို့ ဘာကြောင့် ကျောင်းသွားရတာလဲ။

(၂) တင်မိုး (၂၀၁၃) ကဗျာပေါင်းချုပ်

"မွေးရာပါ လူ့အရည်အသွေးတွေ ထက်မြက်စေပြီး လူ့တန်ဖိုးတွေ မြင့်တက်လာကာ ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်မည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန် မြန်မာ့ကလေးများအား စုစုဝေးဝေး လေ့ကျင့်ပေးသည့်နေရာသည် ကျောင်းမှတစ်ပါး အခြားနေရာမရှိပါ။ ထို့ကြောင့် မြန်မာ့ကလေးများ ကျောင်းသို့ သွားကြပါသည်"

မြန်မာ့တပ်မတော် (ရေ)နှင့် JSC "Rosoboronexport" ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chekmarev Andrey Lvovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်ဆွေးနွေး

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်အတူ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ့တပ်မတော်(ရေ)နှင့် JSC "Rosoboronexport" ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့အဌားအိမ်ရာစီမံကိန်း လုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၇) လမ်းမကြီးအနီးတွင် အကောင်အထည်ဖော်လျက်ရှိသည့် ပြည်သူ့အဌားအိမ်ရာစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းဝင်းအတွင်း လမ်းများ ကွန်ကရစ်ခင်းကျင်းနေမှုနှင့် လေးခန်းတွဲ ငါးထပ်တိုက်များ ဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သေသပ်ကောင်းမွန်စွာ ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် စီမံကိန်းရှင်းလင်းဆောင်အတွင်း၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နေပြည်တော်နှင့် မန္တလေးရှိ ပြည်သူ့အဌားအိမ်ရာစီမံကိန်းများကို လာမည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဖွင့်လှစ်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ဖွင့်လှစ်သည်နှင့် ပြည်သူများ အဆင်သင့်နေနိုင်ရန် ရေနှင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရေး၊ ဧပြီလတွင် စီမံကိန်း၏ Soft Opening ဖွင့်လှစ်သည့်အခါ အဆောက်အအုံအလုံး ၁၀၀ အထိ ပြီးစီးနိုင်ရန်အတွက် ရည်မှန်းဆောင်ရွက်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးကြပ်မတ်ရန်မှာကြားသည်။

ယခုတည်ဆောက်လျက်ရှိသည့် ပြည်သူ့အဌားအိမ်ရာစီမံကိန်းမှာ နေပြည်တော် ဒဂ္ဂိဏသီရိမြို့နယ်တွင် ၇၀၄ ခန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ၆၂၈၈ ခန်းနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ၃၀၀၈ ခန်း ဆောင်ရွက်လျက်ရှိသည်။ အဆောက်အအုံပြီးစီးသည်နှင့် ပြည်သူများ အဆင်သင့်နေထိုင်နိုင်ရေးအတွက် လမ်း၊ ရေ၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံလိုအပ်ချက်များနှင့် စိမ်းလန်းမြေနေရာများအား တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

သတင်းစဉ်

ကျောက်တံခါးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း

ကျောက်တံခါး နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ (ဖ)လဘတ်ဂျက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ကျေးရွာများအား မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီရွေးချယ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က သဲဖြူရွာသစ်ကျေးရွာနှင့် ခင်းကြီးရှမ်းစုကျေးရွာတို့၌လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ရှမ်းဒိုးတန်းကျေးရွာနှင့် အလှိုင်ကျေးရွာတို့၌လည်းကောင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အတည်ပြုရွေးချယ်

အဆိုပါ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကို (လက်ထောက်ညွှန်ကြားရေးမှူး) က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၏ သဘော သဘာဝများ၊ ရည်ရွယ်ချက်များ၊ မူဝါဒများ ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ ပံ့ပိုးပေးကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းတာဝန်ခံ ဒေါ်စုစုလှိုင်(ဒုတိယဦးစီးမှူး) က စီမံချက်များရေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက ကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

JJJ

လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ အသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်းကာ ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာန(ဗဟန်း)ရှိ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက နိုင်ငံသားတစ်ဦး၏ တရားဝင်မှု၊ နိုင်ငံသားအခွင့်အရေးနှင့် လူမှုစီးပွားဘဝ ပြည့်စုံမှုရှိစေရေးအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်အရောက် ထုတ်ပေးနိုင်ရေး "ပန်းခင်းစီမံချက်"ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေဆိုင်ရာ ဗဟုသုတနှင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် လုပ်ငန်းများကို ပြည်သူများသိရှိပြီး ဗဟုသုတရရှိစေလိုကြောင်း၊ ပန်းခင်းစီမံချက်ကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆောင်ရွက်နေကြသည့် ဌာနဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆောင်ရွက်နေမှုများ၊ နိုင်ငံသားလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကနဦးလုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို **"လူမှုဘဝပြည့်စုံဖို့၊ နိုင်ငံသားကတ် ကိုင်ကြစို့"** ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ပြည်သူများအသိပညာ ဗဟုသုတရရှိစေမည့် အစီအစဉ်များကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ တင်ဆက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေ ထုတ်ပြန်ခြင်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှု တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွင် ပါရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ကျူးလွန်ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးလှသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဟောင်းများဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးသန်းဌေး၊ ဒေါက်တာဇော်မြင့်မောင် (မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း)နှင့် ဒေါက်တာမျိုးအောင် (နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း) ပါ ၁၆ ဦးတို့သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် တည်ဆဲဥပဒေများ၌ပါရှိသော ပြဋ္ဌာန်းချက်များကို လျော်ကန်သင့်မြတ်သော ခွင့်ပြုချက်မရှိဘဲ မရိုးမဖြောင့်သောသဘောဖြင့် ဆန့်ကျင်ခြင်းပြစ်မှုကို ကျူးလွန်ခြင်း၊ ယင်းပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ တပ်မဲရုံများကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူက တည်ဆဲဥပဒေနှင့်အညီ အလုပ်ဝတ္တရားဆောင်ရွက်နေသည်ကို မိမိအလိုအလျောက် ဟန့်တားမှုကို ကျူးလွန်ခြင်းနှင့် နစ်နာစေရန် ခြိမ်းခြောက်ပြောဆိုခြင်း၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်မဲပေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူအား နစ်နာစေရန် ခြိမ်းခြောက်ပြောဆိုခြင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများကို မဲစာရင်းတွင် ထည့်သွင်းပေးရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ဖိအားပေးထောက်ခံလက်မှတ်ရေးထိုးစေခဲ့ခြင်းဖြင့် ရွေးကောက်ပွဲတွင် မလျော်ညှာသုံးမှုကို ကျူးလွန်ခြင်း၊ NLD ပါတီ အနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုဖြစ်သည့် ၇-၁၁-၂၀၂၀ ရက်နေ့အထိ မဲစာရင်းတွင် အမည်များ ထည့်သွင်းရန် မရိုးမဖြောင့်သည့်သဘောဖြင့် စေခိုင်းခဲ့ခြင်းဖြင့် ရွေးကောက်ပွဲ၌ မလျော်ညှာသုံးမှုကို ကျူးလွန်ခြင်း စသည့်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသဖြင့် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးများတွင် ၁၅ - ၁၁ - ၂၀၂၁ ရက်နေ့မှစ၍ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခဲ့ရခြင်းအပေါ် တည်ဆဲဥပဒေများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ချိုးဖောက်၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ မဖြစ်စေရန် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့ကြသူများနှင့် ပါဝင်ပတ်သက် ဆောင်ရွက်ခဲ့ကြသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို နိုဝင်ဘာ ၉ ရက်မှစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးရှိ လက်လီ/လက်ကား ရောင်းချသူများသို့ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၄၂၄၀ ဖြင့် နေ့စဉ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွက် စားအုန်းဆီတန်ချိန် ၆၇၆၄ ဒသမ ၁၀ တန်၊ ၄၁၃၉၆၃၃၀ ပိဿာ ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် ဆီအသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက်(ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်းများကို စီးပွားရေးစာချုပ်စာတမ်းများချုပ်ဆိုခြင်းနှင့် စိစစ်ခြင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ယခုအခါ အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများအတွက် စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဆိုင်ရာ အခြေခံသင်တန်းကို ဖွင့်လှစ်၍ သင်တန်းတက်ရောက်ပြီးသော အရာထမ်းများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူများနှင့် ဥပဒေပညာစိတ်ဝင်စားသူများအတွက် ဥပဒေအသိပညာပြန့်ပွားစေရန်နှင့် စာချုပ်စာတမ်းများစိစစ်နိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနက ဖက်စပ်စာချုပ်နှင့် မြေငှာရမ်းခြင်းစာချုပ် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် (Guideline on Scrutinizing Joint Venture Agreement and Land Lease Agreement) စာအုပ်ကို ပြုစုထုတ်ဝေရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

ပန်းတနော် နိုဝင်ဘာ ၁၅

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ကျေးရွာအဆင့်) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု(စီမံခန့်ခွဲမှု)နှင့် ငွေစာရင်း ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ကျေးရွာအဆင့်) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု(စီမံခန့်ခွဲမှု)နှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို ရွှေလေကျေးရွာအုပ်စု အကွီကျေးရွာမှ သင်တန်းသား ကိုးဦးတို့အား နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ သင်တန်းဆရာ သုံးဦးတို့က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

အင်္ဂပူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

အင်္ဂပူ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သော ၂၀၂၁-၂၀၂၂ ခုနှစ် မြို့နယ်ကိုယ်စားပြု မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို အောက်ရွာကြီး ကျေးရွာအုပ်စု အဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ကွင်းအမှတ် (၇၆၀) ဦးပိုင်အမှတ် (၁၇၂/၂) ရှိ တောင်သူဦးကိုမြင့် လယ်ယာမြေတွင် ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါမိုးစပါးစံကွက် ရိတ်သိမ်းရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးခင်မောင်စန်းနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မိုးစပါးစိုက်ကေ ၁၁၇၅၂ ရှိခဲ့ပြီး နွေစပါးစိုက်ပျိုးချိန်တွင် ၂၂၇၆၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြ

မသိုးသင်္ကန်းရက်လုပ်လှုံဒါန်းပွဲနှင့် တန်ဆောင်တိုင်ပွဲတော်

ရာမည-သွေးမွန်

မိမိတို့မြန်မာများသည် တစ်နှစ်မှာ ဆယ့်နှစ်လ။ ဆယ့်နှစ်လမှာမှ တစ်လမျှသာဆိုသော်လည်း တစ်လမှမလွတ်အောင် ပျော်ပွဲရွှင်ပွဲများရှိနေပေသည်။

ရာသီပွဲတော်များ

အမှန်တော့ ဤသို့သောပွဲတော်များသည်ပင် မိမိတို့မြန်မာများ၏ အခြားသောနိုင်ငံသားများနှင့် ကွဲပြားသောအသွင်ကို ဆောင်သည်ဟု ယူဆရပါမည်။ ရာသီပွဲတော်များသည် မိမိတို့မြန်မာလူမျိုးတို့၏ ယုံကြည်ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓဘာသာသာသနာမှ ယှက်နွယ်ဆင်းသက်လာ၍ မိရိုးဖလာ ကျင်းပလာသော ပွဲတော်ကအများစုဖြစ်သည်။

ထို့ကြောင့်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင် အခြေချနေထိုင်ကြရသောမြန်မာများ အချိန်ကျ၍ ကာလတူဆိုက်ရောက်လာသည်နှင့် ကိုယ့်နေရပ် ကိုယ့်ဇာတိမြေကို လွမ်းဆွတ်တသ အမှတ်ရနေကြခြင်းဖြစ်သည်။ "..ဒီအချိန်ဆို သီတင်းကျွတ်ပွဲတော်ပဲ၊ တန်ဆောင်တိုင်ပွဲ ပုံသကူပစ်ပွဲတွေနဲ့ သိပ်ပျော်ကြရတာ.."စသည်ဖြင့် ဤသို့သောပွဲတော်ကြောင့် ငုပ်နေသောမသိစိတ် မျိုးချစ်စိတ် ဇာတိချစ်စိတ်များက ဦးမော့ခေါင်းထောင်လာတတ်ကြသည်။ ဤသည်ကို **"တန်ဆောင်တိုင် မီးထွန်းပွဲ" (မြင်းမိုရ်ပွဲ)** သမုတ်ကာ ကျင်းပလာခဲ့သည်။

မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ

ဤသို့သောပွဲကို တန်ဆောင်မုန်းအဖိတ်နေ့၊ လပြည့်နေ့နှင့်၊ လပြည့်ကျော်တစ်ရက်နေ့ ဟူ၍ သုံးရက်ကျင်းပရိုးဖြစ်သည်။ ထိုရက်အတွင်း ဆီမီးများ မြိုင်မြိုင်ဆိုင်ဆိုင်ထွန်းညှိကြပြီး ပျော်ပွဲရွှင်ပွဲ၊ ပွဲလမ်းသဘင်များ ခြိမ့်သဲလှသည်။ ယင်းတန်ဆောင်တိုင်ပွဲနှင့် ယှက်နွယ်ကာ ဘာသာရေးပွဲတော်ဖြစ်သည့် ပွဲတော်တစ်ခုမှာ မသိုးသင်္ကန်းရက်လုပ်လှုံဒါန်းခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးသာမက လူသိများအထင်ရှားဆုံးမှာ ရွှေတိဂုံဆံတော်ရှင်စေတီတော်ရင်ပြင်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော "မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ" ဖြစ်သည်။

မသိုးသင်္ကန်းဆိုသည်နှင့်ပတ်သက်၍ မိမိလေ့လာမိသမျှ အနည်းငယ်ပြောလိုပါသည်။ မသိုးသင်္ကန်းရက်လုပ်ပုံမှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ နေဝင်ရာမှစတင်ရက်လုပ်ပြီး ရက်မကူးမီ တစ်ရက်အတွင်း အပြီးရက်လုပ်ရခြင်းဖြစ်သည်။ အတိအကျဆိုရပါက ဝါစေ့ပျိုးရာကစ ဆက်ကပ် လှုံဒါန်းရန် သင်္ကန်းဖြစ်သည်အထိ လုပ်ရခြင်းဖြစ်ရာ သဘာဝရက္ခဗေဒပြဋ္ဌာန်းချက်အရ မဖြစ်နိုင်သဖြင့် အချိန်ကိုချုပ်ရသည်။ စတိလုပ်ရသည်။ ဝါစေ့ကြဲပက်၊ ဝါကောက်၊ ဝါဖန်၊ ဝါကြိတ်၊ ဗိုင်းငင်၊ ယောက်ပြီး၊ ချည်ကို ဆေးဆိုး၊ မီးပြ အခြောက်လှန်း၊ ရက်ဖောက်ပြု၊ ရက်ကန်းစင်သို့တင်တော့သည်။ ဤအဆင့်များကို စတိလုပ်ကြရခြင်းဖြစ်သည်။ ဤအဆင့်များကို လူအများ မသိကြပါ။ ရက်ကန်းစင်တင်တော့မှ သိကြရခြင်းဖြစ်သည်။

တစ်စင်နှင့်တစ်စင် အပြိုင်အဆိုင်ရက်လုပ်ကြခြင်းဖြစ်သည်။ အားပေးသူတို့ကလည်း အိုးစည်ဗုံမောင်းများနှင့် လက်ခုပ်လက်ဝါးတီး ညာသံပေးအော်ဟစ်ကြသည်။ တီးမှုတ်ကြသူများသာမက အနီးအနားမှ ကြည့်ရှုသူများပါမကျန် အပျော်များ ကူးစက်လိမ်းကျံကြရတော့သည်။ ဤသည်ကား **"မသိုးသင်္ကန်းရက်လုပ်လှုံဒါန်းပွဲ"** ၏ သရုပ်သကန်ပေတည်း။

ထိုမျှမက အချို့သောဒေသတို့တွင် ပဒုမ္မာကြာရိုးမှ ထုတ်ယူရရှိသောကြာမျှင်ဖြင့် ရက်လုပ်သော **ကြာသင်္ကန်း**ကိုလည်း ကပ်လှုံကြ၏။ နောက် **ရွှေသင်္ကန်း**ဟူ၍လည်း သင်္ကန်းတွင် ရွှေရောင်ပန်းစက္ကူ ရွှေရောင်ဖဲစအလှတန်ဆာဆင်ကာ ကပ်လှုံခြင်းလည်း ရှိသည်။

တစ်ဖန် တစ်ဦးချင်းလှုသည့် ကထိန်ခင်း၊ ကထိန်လျာသင်္ကန်းလှုခြင်းများလည်း ရှိသေးသည်။ စေတနာသဒ္ဓါရှင်များ စုပေါင်းလှုသည်လည်း ရှိ၏။ ယင်းတစ်နှစ်အတွင်း၊ တစ်လအတွင်း လှုံဒါန်းခွင့် ရှိသည်။ အလှုခံရဟန်းကမူ ဝါကျိုးဝါပျက်မရှိ၊ ပဝါ ရဏာပြုပြီးဖြစ်ရပါမည်။ အလှုခံရရှိမည့် ရဟန်းသည် မိမိအားလှုပါဟု မတောင်းဆိုရပါ။ အလှုရှင်၏ ဆန္ဒအရသာဖြစ်စေရပါမည်။ အဆုံးစွန်ဆိုရပါက မိမိ၏ မယ်တော်၊ ခမည်းတော်ကိုပင် လှုရန်မတောင်းဆိုရပါ။

ပညတ်တော်အရ သင်္ကန်းသုံးထည်သာ

ကထိန်သင်္ကန်းနှင့်ပတ်သက်၍ သမိုင်းကြောင်းသည်ကား ..ဘဒ္ဒဝဂ္ဂရဟန်းသုံးကျိပ်တို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိသော ဘုရားရှင်ထံသို့ ဖူးမြော်ရန်အလို့ငှာ ကေတပြည်မှ ခရီးပြင်းနှင်လာခဲ့၏။ ရဟန်းတို့မှာ ဓူတင်ဆောင်ကြသူများဖြစ်၍ ပညတ်တော်အရ သင်္ကန်းသုံးထည်သာ ရှိ၏။ ခြောက်ယူဇနာအဝေးဖြစ်၍ သာဝတ္ထိသို့ မရောက်နိုင်ဘဲ ဝါဆိုဝါကပ်ရန် အချိန်တိုင်လာသဖြင့် သာကေတမြို့မှာပင် သီတင်းသုံးရန် အကြောင်းဆိုက်လာသည်။

သို့ဖြင့် ဝါလကင်းလွတ်လာကာမှ ပဝါရဏာပြုပြီး ဘုရားရှင်ထံသို့ ပြန်လည်ခရီးဆက်ကြရပြန်သည်။ ဤခရီးတွင်မူ မိုးသည်းလေသည်းနှင့်ကြုံသဖြင့် ရဟန်းတော်များ ဓူတင်ဆောင် ရေစိုပုံသကူသင်္ကန်းကံထူးသူတို့ရကြစေရန် ပုဂ္ဂိုလ်စွဲမပါ စွန့်လှူရသောမြင့်မြတ်သည့် အလှူမျိုးဖြစ်သည်။

ရာသီဥတုသာယာသော တန်ဆောင်တိုင်ပွဲတော်ညများတွင် လူငယ်တို့ကလည်း အနီးအပါး အိမ်ကျောင်းတို့မှ ပစ္စည်းတို့ကို တိတ်တဆိတ်ယူကာ လမ်းဆုံလမ်းခွတို့၌ အဆင့်ဆင့်ထပ်၍ တာဝတိံသာပွဲ ဆင်နွဲကြ၏။ ဤသည်ကိုပင် လူငယ်တို့ကအပျော်စွက်၍ ပစ္စည်းပစ္စယများကို မတော်ရာမှာထားကာ လူရယ်ဖွယ်ဖြစ်အောင် လုပ်၏။ ဤသည်ကို **"ကျီးမနိုးပွဲ"** ဟုဆိုသည်။ အမှန်က တာဝတိံသာနတ်ပြည်တွင် (လူတို့ဖူးမြော်ခွင့်မရသောနတ်ပြည်တွင်) တည်ထားသည့် စူဠာမဏိစေတီတော်အား အဝေးမှလှမ်း၍ မီးပူဇော်သည့်အနေဖြင့် မီးပုံးများကို လွှတ်တင်ပူဇော်ကြခြင်းဖြစ်သည်။

ဤသို့ပွဲများသည် ယခုမှကျင်းပသည်မဟုတ်၊ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက နန်းတွင်းနန်းပြင် ခြိမ့်ခြိမ့်သဲသဲမျှကျင်းပခဲ့သည်သာဖြစ်၏။

စာမျက်နှာ ၁၁ သို့ ✣

> **❐ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင် အခြေချနေထိုင်ကြရသောမြန်မာများ အချိန်ကျ၍ ကာလတူဆိုက်ရောက်လာသည်နှင့် ကိုယ့်နေရပ် ကိုယ့်ဇာတိမြေကို လွမ်းဆွတ်တသ အမှတ်ရနေကြခြင်းဖြစ်သည်။ "..ဒီအချိန်ဆို သီတင်းကျွတ်ပွဲတော်ပဲ၊ တန်ဆောင်တိုင်ပွဲ ပုံသကူပစ်ပွဲတွေနဲ့ သိပ်ပျော်ကြရတာ.."စသည်ဖြင့် ဤသို့သောပွဲတော်ကြောင့် ငုပ်နေသောမသိစိတ် မျိုးချစ်စိတ် ဇာတိချစ်စိတ်များက ဦးမော့ခေါင်းထောင်လာတတ်ကြ**
>
> **❐ သို့အတွက် ရာသီပွဲတော်များ၏ကျေးဇူးဟုဆိုချင်၏။ ဤသို့တွေးမိက ရာသီပွဲတော်များ၏အကျိုးကျေးဇူးဟုဆိုသည်မှာ မလွန်ပါချေ။ နိုင်ငံတကာလူမျိုးတို့နှင့် မတူကွဲပြားနေသော ရာသီပွဲတော်များကြောင့် မျိုးချစ်စိတ်ဂုဏ်မာန (ဇာတိမာန်) များ ကိုယ်စီကိုယ်င ရင်ထဲရုန်းကြွလာကြခြင်းပင် မဟုတ်ပါလား**

ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစနစ်များမှ နောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် ကန့်ပိုက်တီကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ ခုနစ်စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၂၀၀၊ အောက်ဆီဂျင်ထုတ်စက် ခြောက်ခုနှင့် နာခေါင်းစည်းတန် ၅၀ တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်ထုတ်စက် ခြောက်ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ငါးခုဖြစ်ပြီး ကန့်ပိုက်တီမှ မြစ်ကြီးနားသို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သင်တန်း ဆွေးနွေးပို့ချ

ကျိုက်ထို နိုဝင်ဘာ ၁၅

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီး၍ ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (AVIP)သင်တန်းကို နိုဝင်ဘာ ၁၀ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ဝင်းပြန်ကျေးရွာနှင့် ကျချောင်ကျေးရွာတို့မှ ကော်မတီဝင် ၁၄ ဦး တက်ရောက်ခဲ့သည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ဖြင့် ပြည်သူကိုယ်တိုင် ကျေးရွာများ၏ ပကတိလိုအပ်ချက်များ ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်သည့်စီမံကိန်းဖြစ်ကြောင်း သိရသည်။

JJJ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်း ဖွဲ့စည်း

ရန်ကုန် နိုဝင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေးအတွက် သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ စည်းရုံးပညာပေးခြင်း၊ တည့်မတ်ပြုပြင်ပေးခြင်းတို့ကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက်တွင် အသင်းတည်နေရာထားရှိပြီး စိတ်တူကိုယ်တူ အသင်းသား ၄၇ ဦး စုစည်း၍ မတည်ရင်းနှီး ငွေကျပ် ၄၇ သိန်းဖြင့် အပိုင်(၄) မိသားစုငွေစုငွေချေး သမဝါယမအသင်းဖွဲ့စည်းရေး အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က အပိုင်(၄) ဓမ္မာရုံ၌ ဖွဲ့စည်းပေးခဲ့သည်။

ထိုသို့ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခြင်း၊ စုပေါင်းအားကြောင့် အင်အားတစ်ရပ်ဖြစ်ပေါ်ပြီး အသင်း၏ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ခြင်းကြောင့် အသင်းမှရရှိသော အကျိုးအမြတ်များကို အသင်းသား ပြည်သူများက ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း

✣ စာမျက်နှာ ၁၀ မှ

မင်းဧကရာဇ်များ ကိုယ်တော်တိုင် ပါဝင်ဆင်နွှဲခဲ့ကြသည်ကိုတွေ့ရ၏။ ထူးခြားမှုတစ်ခုမှာ သီပေါမင်းနှင့်စုဖုရားလတ်တို့က ပွဲတော်လာပြည်သူပြည်သားများကို ရပ်ဝေးနေသူ တစ်ကျပ်၊ ခရီးလတ် ငါးမူး၊ ခရီးနီးနှစ်မူးပဲကျဖြင့် သနားတော်မူသည်ဟု ဆရာ “ဆူးငှက်”က သူ့ဆောင်းပါးတစ်ပုဒ်မှာ ဖော်ပြသည်။

တန်ဆောင်မုန်းလ၏ ကျင်းပမြဖြစ်သော နောက် ဘာသာရေးပွဲတော်တစ်ခုမှာ တန်ဆောင်မုန်းလပြည့်နေ့တွင်ပင် ကျရောက်သော “သာမညဖလ” အခါတော်နေ့ပေတည်း။ ယင်းသို့သော “သာမညဖလ” ၏ အဓိပ္ပာယ်အကျဉ်းဆိုရပါက “ရဟန်းပြုခြင်း အကျိုးဒေသနာ” ဖြစ်၏။ ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်မိ၍ ပဋ္ဌာနန္တရိယကံကြီး ထိုက်နေသော အဇာတသတ်မင်းသည် မိုက်မှား မှုကြောင့် ညဉ့်အိပ်မပျော်သောရောဂါ ပြင်းစွာနှိပ်စက်၏။ ဤသည်ကို ဆရာမှား ပုရာဏကဿပတိတ္ထိခြောက်ယောက်တို့အား အားကိုးတကြီးကုစားနည်းကို မေးသော်၏။ အဖြေမှန်မရသဲ့ ၎င်းတို့၏ စရဏကို သာ ညွှန်သည်။

သို့ဖြင့် ဆရာဇီဝက၏ လမ်းညွှန်ပြသမှုကြောင့် သရက်တောဥယျာဉ်တွင်းရှိ ဘုရားရှင်ထံသို့ သွားရ၏။ ထိုသို့သွားရာတွင် အဇာတသတ်မင်းသည် မိမိ၏ ပြမှားမိသောပယောဂကြောင့် မည်သူ့ကိုမျှ အယုံအကြည်မရှိ အနီးကပ်သက်တော်စောင့် လူယုံများကိုပင်မထားနိုင်ဘဲ မိမိယုံကြည်စိတ်ချရသော နန်းတွင်းသူများထဲမှ ရွေးချယ်ကာ စစ်သည်ချပ်ဝတ်တန်ဆာဝတ်ဆင်စေ၍ အနီးကပ်လိုက်ပါစောင့်ရှောက်စေသည် .. ဟုဆိုသည်။

သရက်တောဥယျာဉ်သည် သရက်ပင်ရိပ်တို့ဖြင့် ပိန်းပိတ်မှောင်မည်းနေပေရာ စစ်သည်ဟန်ပြုနန်းတွင်းသူများမှာ အလင်းရစိမ့်သောဌာ ကိုယ်စီကိုယ်င မီးရှူးမီးတိုင်များကိုင်ဆောင်ကြရန် စီစဉ်ရ၏။ ဤသည်ကို ရည်ဆောင်ကာ နှလုံးမူလျက် မီးရှူးမီးတိုင်များဖြင့် ဘုရားရှင်အား အလင်းဆီမီးတိုင်များ ထွန်းညှိပူဇော်ကြခြင်းဓလေ့ စတင်ခဲ့သည်..ဟု ကျမ်းဂန်များတွင် လေ့လာမှတ်သားရသည်။

“မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်”ဟူသော ရေဒီယိုသီချင်းဖြင့် သံယောင်ပြုဆိုညည်းပျော်မြူးခဲ့ဖူးသည်ကို အမှတ်ရစရာဖြစ်နေသော်လည်း ကိုဗစ်၏ဖိနှိပ်မှုအောက်တွင် ပစ္စက္ခကာလမှာ လည်ကြော့ဦးမော့နိုင်ကြမည်မဟုတ်။ **“ကျန်းမာမှသာ ပျော်ရွှင်နိုင်မှာဖြစ်ပြီး ..ပျော်ရွှင်ဖို့အရေး ကျန်းမာဖို့လိုသည်”** ကို သတိပြုကြရမည် ဖြစ်သည်။

မိမိတို့၏ အစဉ်အလာမပျက်ကျင်းပလာခဲ့သော ရာသီပွဲတော်တစ်ရပ်ကို ချီးမြှင့်ဂုဏ်ပြုကြရာတွင် ကျန်းမာရေးအသိတရားလက်ကိုင်ထားကာ “ရှုဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ” မမွေမလျော့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြုမူနေထိုင်ဆင်နွှဲကြရန် အရေးကြီးပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။ ။

တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၃၉ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် လွန်းကျိုင်းကျေးရွာ အမှတ် (၁/၃၆၉)နေ စိုင်းလုံ၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းရီအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ငွေကျပ် ၁ ဒသမ ၃၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၂၆၅ တုံး (အလေးချိန် ၉၂ ဒသမ ၇၅ ကီလို)၊ ဘိန်းဖြူမှုန့်အလေးချိန် သုည ဒသမ ၃ ကီလို၊ စုစုပေါင်းဘိန်းဖြူအလေးချိန် ၉၃ ဒသမ ၀၅ ကီလို၊ ဘိန်း ၄ ဒသမ ၉ ကီလို၊ M-16 သေနတ် နှစ်လက်၊ ပစ္စတိုသေနတ် သုံးလက်၊ လက်ပစ်ဗုံး ခုနစ်လုံး၊ ခြောက်လုံးပြူး လေသေနတ် တစ်လက်၊ ပစ္စတို လေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၃၃၇၆ တောင့်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ယာဉ် သုံးစီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

စိုင်းလုံနှင့် စိုင်းရီတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

(၂) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၃) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၄) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(၅) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(၆) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၇) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၈) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၉) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဒိုက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပေး

ဒိုက်ဦး နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူခိုင်နှင့် ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းမှစတင်၍ မြို့မဈေးရှေ့၊ ဘူတာရုံနှင့် မြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကုသထိန်းချုပ်နိုင်ရေး အသိပညာပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကုသထိန်းချုပ်နိုင်ရန် အပြင်ထွက်ပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ လူစုလူဝေးပြုလုပ်ခြင်း၊ သွားလာခြင်းကို ရှောင်ကြရန်၊ တစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း၊ ထိတွေ့ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် စနစ်တကျဆေးရန် စသည်ဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို ပြည်သူများအားလုံးက ကိုယ်စီလိုက်နာကြပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အသိပညာပေးနှိုးဆော်ခဲ့သည်။ **ကျော်ကျော်(ပြန်/ဆက်)**

လက်ပံတန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပေး

လက်ပံတန်း နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ (၁) လမ်းအဝိုင်းကြီးလမ်းဆုံတွင် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင် ဗိုလ်မှူးကျော်မင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးတင်စိုးရှိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် ခြေကျင်သွားလာသူများ၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် သွားလာနေသူများအား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်ရေး ပညာပေးပြောကြားသည်။ ထို့ပြင် နှာခေါင်းစည်းတပ်ဆင်ထားခြင်း မရှိသူများအား အခမဲ့ဝေငှပေးပြီး မြို့တွင်းအသံချဲ့စက်ဖြင့် လှည့်လည်၍ အသိပေးကြေညာသည်။

အလားတူ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင်လည်း မြို့မဈေးကြီးတွင် ဈေးဝယ်သူများနှင့် ဈေးရောင်းချသူများအား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းနှင့်အညီ လိုက်နာမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းများ ဝေငှပေးခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၁၆-၁၁-၂၀၂၁ အင်္ဂါနေ့

MRTV ND
၀၆:၄၀ ယေဘွားသုတ်၊ရုတနုသုတ်၊ဟေရွှံ့သုတ် အရွှေရာယ်ကင်းပစိုက်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ အမှုပညာသည်ပြည်သူအတွက်
၀၉:၁၅ ထူးခြားရုံးလင်းအရာမစိစိတ်အစီအစဉ်
၁၀:၃၀ လွန်းအင်္ဂြိုဒေဂလိုက်ဆင်စဉ်နှယ်ခြေ
၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ကိုယ်စီအသိစိတ်'
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဓလေမှတ်နာနုံး' (အပိုင်း-၉)
၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ သမိုင်းဘာသာရပ်
၁၅:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အသုံးတွယ်ဆင်းခြင်းအကျိုး'
၁၆:၃၅ အာဆီယံ၏အထူးချွန်သုံးဆရာဆုရှင်နှင့် ကျွေးကျံခြင်း(ဆရာဦးကျော်စင်အောင်)
၁၇:၁၀ ဒေသတစ်ဝု၊ထုတ်ကုန်တစ်မျိုး
၁၇:၄၅ ဘီမီးမြို့ငြိမြိုင်လတန်ဆောင်တိုင်
၁၈:၃၀ သံစဉ်ကြောစတိရီယိုတေးကမ္ဘာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဓလေမှတ်နာနုံး' (အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဖျိုမြန်မာတေးအလှ
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကျေညီကဲပေတွားများ' (အပိုင်း-၂၀)
၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအမှုပ်'

ဆက်ကြေးနှင့်ဆက်ဆက်ကြေးရုံးရှိ (LIVE) ရုပ်ရှင်ပေးကျက်ရိုက်ပြည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal

mitv
07:01 News
07:26 Global Partnership for Brighter Future: Eswatini Pavilion at Expo 2020 Dubai
07:33 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:40 Mahar Thakya Atula Man Aung - Nga Htat Kyee
08:01 The Man and The Elephant (Part-II)
08:16 Entrepreneur: Dr. Thin Nwe Win
08:26 A Festival on Buddha's Life Story (Part-II)
08:52 Chaung Tha Souvenir Business
09:01 Products of Myanmar - Craft Blacksmithing
09:26 Skilful Marionette Performance of New Generation Artistes
09:42 Tray Art Products
09:52 Kalaw Tazaungdaing Festival
10:01 Myanmar Masterclass "Caricature"

MRTV NRC
ကယား (၀၆:၀၀ မှ ၀၈:၀၀)
ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)
အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ချင်း (လိုင်ဖိုး) (၁၁:၀၀ မှ ၁၂:၀၀)
ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
မှန် (၁၃:၀၀ မှ ၁၅:၀၀)
ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
ရမ်း (၁၇:၀၀ မှ ၁၉:၀၀)
စ (၁၉:၀၀ မှ ၂၁:၀၀)
ကချင် (၂၁:၀၀ မှ ၂၃:၀၀)

MRTV PARLIAMENT
၀၉:၀၀ အတွင်းအလံ
၁၀:၀၀ ပြည်ထောင်စုလွှေကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သီမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
၁၁:၀၀ ဥပဒေရေးရာအခြာခြာဇာတ်လမ်းတို့ 'လင်နှဲမယားလျှာနဲ့သူးဆိုပေမယ့်'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

MRTV SPORTS
၀၆:၀၀ အတွင်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ဝံတပြန်မာနေရှင်နယ်လိုက် သောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel
Education Channel

အိန္ဒိယနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် နိုင်ငံခြားသားခရီးသွားများအား နိုင်ငံအတွင်း စတင်ဝင်ရောက်ခွင့်ပြု

နယူးဒေလီ နိုဝင်ဘာ ၁၅

အိန္ဒိယနိုင်ငံသည် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် လျော့ကျလာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူအရေအတွက် မြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် နိုင်ငံခြားသားခရီးသွားများအား ယနေ့မှစတင်ကာ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားခရီးသွားများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူထားပြီးသူများနှင့် အိန္ဒိယနိုင်ငံသို့ လာရောက်မည့် လေယာဉ်ခရီးစဉ်မတိုင်မီ ၇၂ နာရီအတွင်း စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း အထောက်အထားပြသရမည်ဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံက ယခုကဲ့သို့ နိုင်ငံခြားသားခရီးသွားများ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်း ပထမဆုံးအကြိမ် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံ၌ အရွယ်ရောက်ပြီးလူဦးရေ၏ ၇၉ ရာခိုင်နှုန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၃၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- စီအင်န်အေ
ဘာသာပြန်- အလင်းသစ်

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၀ အောက် သုံးရက်ဆက်တိုက် ကျဆင်း

မော်စကို နိုဝင်ဘာ ၁၅

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၄၂၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၀ အောက် ကျဆင်းခဲ့သည်မှာ သုံးရက်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၉၁၀၉၀၉၄ ဦးရှိကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၁၁ ဦးထပ်မံတွေ့ရှိခဲ့ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၆၅၉၇ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၇၉၇၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၈၁၂၅၅၇ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၈၉ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကူးစက်ခံရသူပေါင်း ၁၈၉၈၉၅၁ ဦးရှိလာကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၆၂ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ နိုဝင်ဘာ ၁၅

မလေးရှားနိုင်ငံ၌ ပြီးခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၆၂ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၄၆၃၀၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၁ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၅၁၅၁ ဦးမှာ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၄၅ ဦး ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူပေါင်း ၂၉၆၇၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၄၅၁၂၆ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၆၅၄၁၇ ဦးတွေ့ရှိရပြီး ၎င်းတို့အနက် ၅၂၄၅ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသမှုခံယူနေရပြီး ၂၆၅ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၃၇၃၁ ကို ထိုးနှံပေးခဲ့ရာ၌ နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၄ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၇၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၂၂၉ ဦးရှိလာ

နယူးဒေလီ နိုဝင်ဘာ ၁၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၂၂၉ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကူးစက်ခံရသူပေါင်း ၃၄၄၇၅၃၆ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၅ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၄၆၃၆၅၅ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာပေါင်း ၁၃၄၀၉၆ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၁၉၂၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၃၈၄၉၅၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ပိုင်းရုပ်စိပ်ကူးစက်ခံရသူ	၂၅၄၁၉၀၅၉ ဦး
သေဆုံးသူ	၅၁၁၈၃၄၇ ဦး
ပြန်လည်ကျန်းမာလာသူ	၂၂၉၈၄၄၄၈၄ ဦး

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၁၆ ဦးထပ်မံတွေ့ရှိ

ဟနွိုင်း နိုဝင်ဘာ ၁၅

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၁၆ ဦးထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

၎င်းတို့အနက် ၈၆၀၃ ဦးမှာ ပြည်တွင်း၌ ရောဂါ ကူးစက်ခံရသူများဖြစ်ပြီး ၁၃ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို တွေ့ရှိခဲ့ရပြီး ဟိုချီမင်းစီးတီး၌ ၁၁၆၅ ဦး၊ အနိုဂိုင်းပြည်နယ်၌ ၆၆၀ နှင့် ဘင်ဒေါင်းပြည်နယ်၌ ၆၁၆ ဦးတို့ကို အသီးသီးတွေ့ရှိခဲ့သည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၃၅၁၃၈ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၁၈၃ ဦးရှိကာ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၈၆၄၅၁၆ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ နီးပါးကို ထိုးနှံပြီးစီးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်၌ ပြည်တွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၃၀၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

နေပြည်တော် မြို့မဈေးနှင့် ဥတ္တရသီရိမြို့နယ်လျှပ်စစ်ရုံးအား ဗုံးဖောက်ခွဲခဲ့သည့်တရားခံများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှု မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် နိုဝင်ဘာ ၁၂ ရက်တွင် ဥတ္တရသီရိမြို့နယ် B-4 လမ်းမကြီး ဓာတ်အားခွဲရုံအနီးရှိ နေအိမ်မှ **တင်ကိုငြိမ်း(ခ)ရွှေကောင်း**(၄၈)နှစ်နှင့် **ခင်မောင်ရင်**(၃၇)နှစ်တို့ ပွိုင့် ၂၂ ကျည်ဖြင့် ပစ်ခတ်ရသည့် လက်လုပ်သေနတ် လေးလက်၊ ၅.၅၆ ကျည် ၁၀ တောင့်၊ ပြောက်ကျားယူနီဖောင်း/ဂျာစီများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ထွက်ဆိုချက်အရ ဥတ္တရသီရိမြို့နယ် စည်သာအေးရွာ ပျဉ်းမနား-တောင်ညို လမ်းမကြီးအနီးရှိ **ခင်မောင်ရင်**၏ နေအိမ်မှ လက်လုပ်မိုင်းနှစ်လုံးနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

တရားခံ **တင်ကိုငြိမ်း(ခ)ရွှေကောင်း**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၃ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာ တိုက်အမှတ်(၉၄) အခန်းအမှတ်(၁၄)သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ပြောက်ကျားယူနီဖောင်းများ၊ NLD ပါတီတံဆိပ်ပါ အင်္ကျီများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ထပ်မံဖမ်းဆီးရမိ

ဆက်လက်၍ တရားခံ**တင်ကိုငြိမ်း(ခ)ရွှေကောင်း**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၃ ရက်တွင် ယမ်းကြိုးနှင့် ဆက်စပ်ပစ္စည်းများကို ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ကျွဲရှင်းကျေးရွာ စက်မှု(၁) အုတ်စက်ရှေ့ အိမ်အမှတ်(၃၈၅)နေ **ဇော်မင်းအောင်**ထံ အပ်နှံထားကြောင်း သိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ **ဇော်မင်းအောင်**(၃၉)နှစ်ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားခံ**ဇော်မင်းအောင်**၏ ထွက်ဆိုချက်အရ **တင်ကိုငြိမ်း (ခ)ရွှေကောင်း**နှင့် **ခင်မောင်ရင်**တို့ကို ဖမ်းဆီးရမိသည့် ဖြစ်စဉ် သတင်းနှင့်မှတ်တမ်းဓာတ်ပုံများကို မင်းကုန်းကျေးရွာနေ **သိန်းဝင်း**က **ဇော်မင်းအောင်**အားပြသ၍ တိမ်းရှောင်စေရန် ပြောကြားခဲ့ကြောင်း သိရသဖြင့် **သိန်းဝင်း**အသက် (၅၀) ကို ထပ်မံဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ **ကျားလေးဦး**ကို လက်လုပ်သေနတ် လေးလက်၊ ၅.၅၆ ကျည် ၁၀ တောင့်၊ လက်လုပ်မိုင်းနှစ်လုံး၊ ပြောက်ကျားယူနီဖောင်း/ဂျာစီများ၊ NLD ပါတီတံဆိပ်ပါ အင်္ကျီများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

နေပြည်တော် မြို့မဈေးနှင့် ဥတ္တရသီရိမြို့နယ် လျှပ်စစ်ရုံးအား ဗုံးဖောက်ခွဲခဲ့သည့်တရားခံများ ဖမ်းဆီးရမိမှုအခြေပြဇယား



ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ခင်မောင်ရင်**သည် ဧပြီလတွင် ပျဉ်းမနားမြို့နယ် အဝေရာဆည်အနီး၌ နေပြည်တော် PDF အဖွဲ့မှဖွင့်လှစ်သည့် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့ကြောင်းနှင့် ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး **စိုင်းဝင်းနိုင်ဦး**(ဖမ်းဆီးရန်ကျန်)က ဖီးနစ်မြို့ပြ ပြောက်ကျားအဖွဲ့အား **ဟန်မင်းထွန်း**(ဖမ်းဆီးရန်ကျန်)အား ဖွဲ့စည်းစေကာ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ခဲ့ကြောင်း၊ နေပြည်တော် PDF အဖွဲ့အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ **ရည်မွန်**၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိပြီး ၎င်း၏ ညွှန်ကြားချက်များအတိုင်း အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ၊ ဒလန်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **တင်ကိုငြိမ်း(ခ)ရွှေကောင်း**၏ ထွက်ဆိုချက်အရ ဇွန်လတွင် တောင်ငူမြို့နေ **ဝေဋ္ဌ**(ဖမ်းဆီးရန်ကျန်) ထံမှ လက်လုပ်သေနတ် လေးလက်၊ MG-1 လက်ပစ်ဗုံးတစ်လုံး၊ လက်လုပ်ဗုံးတစ်လုံး၊ ယမ်းကြိုးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခဲ့ကြောင်းနှင့် ဇူလိုင်လတွင် အောင်ပန်းမြို့နေ **ခွန်သူရ**(ဖမ်းဆီးရန်ကျန်)ထံမှ ၅.၅၆ ကျည် ၁၀ တောင့်ရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့် မေလတွင် **ဟန်မင်းထွန်း**၏ စေခိုင်းမှုဖြင့် **ခင်မောင်ရင်**သည် ဥတ္တရသီရိမြို့နယ် မောင်ရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာရှိ ခေါင်ရည်ဆိုင်ရှေ့တွင် လက်လုပ်မိုင်း တစ်လုံးဖြင့် လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၄၃၅၆) အနီး၌ ရပ်ထားသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းကြို/ပို့ ယာဉ်အား ထမင်းဘူးရီမုတ်မိုင်း တစ်လုံးဖြင့်လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဈေးအနီးရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ကပ်လျက် ရဲကင်းအား လက်လုပ်ဗုံး တစ်လုံးဖြင့် လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) ရဲစခန်းအနီးတွင် လက်လုပ်ဗုံး တစ်လုံးဖြင့် လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ဇမ္ဗူသီရိမြို့နယ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းလိုင်းခန်းရှေ့ရှိ ဝန်ထမ်းကြို/ပို့ယာဉ်အား ထမင်းဘူး ရီမုတ်မိုင်း တစ်လုံးဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် **ဟန်မင်းထွန်း**ကပေးပို့သော MG-1 လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံးတို့အား **တင်ကိုငြိမ်း (ခ)ရွှေကောင်း**ထံကတစ်ဆင့်ရယူ၍ နိုဝင်ဘာ ၆ ရက်တွင် ဥတ္တရသီရိမြို့နယ် လျှပ်စစ်ရုံးအား MG-1 လက်ပစ်ဗုံးဖြင့် လည်းကောင်း၊ နိုဝင်ဘာ၁၀ရက်တွင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် မြို့မဈေးအပေါ်ထပ်ရှိ စည်ပင်သာယာဈေး၊ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်ဗုံးဖြင့် လည်းကောင်း ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သက်ဆိုင်ရာမှ သိရသည်။

သတင်းစဉ်

ကျိုက်မရောမြို့နယ် တောင်ကလေးကျေးရွာအနီး၌ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံ များအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် ကျိုက်မရောမြို့နယ်မှ လုံခြုံရေးပူးပေါင်းအဖွဲ့သည် ချောင်းနှစ်ခွတံတား၌ ဖြတ်သန်းသွားလာသောယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကျိုက်မရောမြို့နယ်သို့မောင်းနှင်လာသော အနက်ရောင် လိုင်စင်မဲ့ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မှာ ရပ်တန့်ခြင်းမရှိသောကြောင့် လိုက်လံဖမ်းဆီးစဉ် ကျိုက်မရောမြို့နယ် တောင်ကလေးကျေးရွာအနီး အရောက်၌ ယာဉ်ပေါ်မှ PDF အဖွဲ့ဝင် **စောညီညီ (ခ)စောမင်းမင်းဟိန်း** အသက် (၂၀)နှင့် **ဇင်ကိုကို** အသက်(၂၀) တို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

စောညီညီ(ခ) စောမင်းမင်းဟိန်း

ဇင်ကိုကို

သိမ်းဆည်းရမိ

ထို့နောက် မော်တော်ယာဉ်အတွင်း ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းအတွင်းမှ ပစ္စတိုသေနတ် သုံးလက်၊ ၁၂ ဗို့ပြောင်းချောသေနတ် တစ်လက်၊ ၁၂ ဗို့ကျည် ၇၅ တောင့်၊ ၉-မမကျည် ၂၅၀၊ ပွိုင့် ၃၈၀ ကျည်အတောင့် ၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စောညီညီ(ခ)စောမင်းမင်းဟိန်း**နှင့် **ဇင်ကိုကို** တို့ နှစ်ဦးသည် မေလတွင် KNLA တပ်မဟာ(၆) ဌာနချုပ်၌ ဖောက်ခွဲရေး သင်တန်းအား ရက် ၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

တရားခံ **စောညီညီ(ခ)စောမင်းမင်းဟိန်း**သည် ပထမအကြိမ် လက်နက်/ခဲယမ်း သယ်ဆောင်မှုအနေဖြင့် နိုဝင်ဘာ ၉ ရက်တွင် တောင်ဒီးကျေးရွာရှိ ကိုရှား (ဖမ်းဆီးရန်ကျန်)ထံမှ AK ကျည်အတောင့် ၃၀၀ ယူဆောင်၍ ကျိုက်မရောမြို့နယ် ကျုံကွယ်ကျေးရွာ ချောင်းနှစ်ခွ-ရတနာ လမ်းဘေးရှိ ပြည့်စုံစားသောက်ဆိုင်တွင် အသင့်စောင့်ဆိုင်းနေသည့် ထိခေါင်(ခ)ညီညီ(ဖမ်းဆီးရန်ကျန်)ထံသို့ပေးအပ်ခဲ့ကြောင်း သိရသည်။

တရားခံ **စောညီညီ(ခ)စောမင်းမင်းဟိန်း**သည် ဒုတိယအကြိမ် လက်နက်/ခဲယမ်း သယ်ဆောင်မှုအနေဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် မက္ကသာကျေးရွာနှင့် ဘုရားသုံးဆူသွားကားလမ်းပေါ်၌ KNU အဖွဲ့ဝင် စောဝင်းကိုကိုမင်းထံမှ ပွိုင့် ၃၈ ပစ္စတို တစ်လက်၊ ကျည်အိမ်တစ်ခုအား ယူဆောင်၍ ကိုရှားထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိလက်နက်/ခဲယမ်းများအား KNLA တပ်မဟာ(၆)မှ စောကလေထူး၏ စေခိုင်းချက်အရ တရားခံစောညီညီ(ခ) စောမင်းမင်းဟိန်းနှင့် ဇင်ကိုကိုတို့နှစ်ဦးက တောင်ဒီး-တောင်ကလေးလမ်းခွဲ-လှကဇိုင်း- ချောင်းနှစ်ခွ-ကျုံးကွယ်လမ်းခွဲ- ထီးဟူသံ-နွတ်အောက်လမ်းကြောင်းအတိုင်း ကျိုက်မရောမြို့နယ် နွတ်အောက်ကျေးရွာအနီး ထိခေါင်(ခ)ညီညီထံမှယူဆောင်၍ ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင်ကျေးရွာရှိ PDF အဖွဲ့မှ စောပတေ့ (ခ)ဇေသူဌေး (ဖမ်းဆီးရန်ကျန်) ထံ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း သိရသည်။

အမြန်ဆုံးဖမ်းဆီးရမိရေး

အထက်ပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်

❐ ကျောဖုံးမှ

အကြောင်းမဲ့ သတ်ဖြတ်ခဲ့ခြင်းကြောင့် နေရာ၌ပင် ပျံလွန်တော်မူခဲ့သည်။ အလားတူ ည ၉ နာရီခွဲခန့်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တဘက်ဆွဲကျေးရွာအုပ်စု ဒေါင်းရွာကျေးရွာရှေ့ သိန္ဒိအောင်ကျောင်းတိုက် (ရွှေရောင်ပြာ) ၌ တစ်ပါးတည်း သီတင်းသုံးတော်မူသော ဆရာတော်အား အကြမ်းဖက်သမားများက ဓားဖြင့် ဝိုင်းဝန်းခုတ်သတ်ခဲ့ခြင်းကြောင့် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့သည်။

မုန်းတီးလျက်ရှိ

အကြမ်းဖက်သမားများ အနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်း မရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသောကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့် ပြည်သူများ အနေဖြင့် အကြမ်းဖက်လုပ်ရပ်များအပေါ် မုန်းတီးလျက်ရှိသည်။ မြန်မာနိုင်ငံ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း ၈ ပုဒ်မ ၃၆၁ တွင် နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသား အများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားသည့်အပြင် ပုဒ်မ ၃၆၂ တွင် လည်း နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။

အကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံသားအများစု ကိုးကွယ်ရာဘာသာဖြစ်သော ဗုဒ္ဓဘာသာ၏ ရဟန်းသံဃာများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအား ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှု မရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားသည်။

သတင်းစဉ်

■

ဝမ်းတွင်းမြို့နယ် သဲတောလေးကျေးရွာ မင်္ဂလာမှန်ကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသောမနအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပျံလွန်တော်မူခဲ့ရမှုကို တွေ့ရစဉ်။

မုံရွာမြို့ ဒေါနခြံရပ်ကွက် ပြည်ထောင်စုလမ်းနှင့် သာစည်လမ်းဆုံ၌ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ပျံလွန်တော်မူခဲ့သည့် သံဃာတော်တစ်ပါးကို တွေ့ရစဉ်။

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကုန်းကြမ်းမြို့နယ် ကြူစီပါကျေးရွာအနီး တားမြစ်ချိန်ကျော်လွန်သွားလာသည့် မော်တော်ယာဉ်အား တားဆီးစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်းမြို့နယ် ကြူစီပါကျေးရွာအနီး၌ လုံခြုံရေးအဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီခွဲခန့်တွင် ကြူစီပါကျေးရွာမှ စေခေါက်ကျေးရွာသို့ မောင်းနှင်လာသည့် Vigo Hilux အမျိုးအစား ယာဉ်အမှတ် KK/A---အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရန် အချက်ပြရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်း မရှိသဖြင့် လက်နက်ငယ်ဖြင့် သုံးချက် ခြောက်လှန့်ပစ်ခတ်သည့်တိုင် မော်တော်ယာဉ်မှာ ရပ်တန့်ခြင်းမရှိဘဲ လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ အရှိန်ပြင်းစွာ မောင်းနှင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံပစ်ခတ်တားဆီးခဲ့ရာမှ ယာဉ်မှာ ရပ်တန့်သွားခဲ့သည်။

အဆိုပါ မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်မောင်းနှင်သူ ဦးဆွတ်တာပါး၊ ဦးကြူကျုံးယုံနှင့် မလီရင်းချောင်တို့ကို လက်နက်ငယ်ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိရပြီး မကျူးဇူးဆိုက်၊ မောင်ကျူတာကော့နှင့် မကျူယွန်းဖျင်တို့ကို လက်နက်ငယ်ထိမှန်ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရသည်။

အဆိုပါဒေသသည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားရှိပြီး “ည ၉ နာရီမှ နံနက် ၅ နာရီအထိ မည်သူမဆို အမိန့်တစ်စုံတစ်ရာမရှိဘဲ လုံခြုံရေးတာဝန်ရှိသူမှအပ သွားလာခြင်းမပြုရ” ထုတ်ပြန်ထားသည့်ဒေသ ဖြစ်သည်။ ယင်းဒေသအတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အမှောင်ထုကို အကာအကွယ်ယူ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ထိခိုက်ဒဏ်ရာရရှိမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်၍ သွားလာခြင်းဖြစ်သည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန်အတွက် ယာဉ်အား ရန်တန့်ရန် ကောင်းမွန်စွာ တားဆီးခဲ့သော်လည်း ရပ်တန့်ပေးခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အန္တရာယ်ဖြစ်စေရန် အရှိန်ပြင်းစွာ မောင်းနှင်လာခြင်းဖြစ်သဖြင့် မလွဲသာ မရှောင်သာ ပစ်ခတ်တားဆီးခဲ့ရခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့သူများအား သေမှုသေခင်း ဖွင့်လှစ်ကာ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများအား လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် သိန်္ဓိလမ်းနေ မန္တယ်နီအေး(ခ)ဂတုံးမ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃၃ ပြားကိုလည်းကောင်း၊

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်အတွင်းတွင် မသီတာအေး(ခ) အားမိန် မောင်းနှင်ပြီး မသိဂ်ီစိုး(ခ)ယုန်လေး လိုက်ပါလာသည့် ယာဉ်ကို စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ၎ရာ(၈)လမ်း အမှတ်(၇၂)နေ မအေးစန္ဒီထွန်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀၀၊ ဆေးခြောက် ၁ ဒသမ ၅ ကီလို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မသိဂ်ီစိုး(ခ)ယုန်လေး၊ မသီတာအေး(ခ)အားမိန်နှင့် မအေးစန္ဒီထွန်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာလို့ လူမှုစီးပွားအဆင်ပြေစေဖို့ စားသုံးဆီကို လျှော့စားကြစို့

ဒေါက်တာသန်းနိုင်စိုး(ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျန်းမာခြင်း၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ခန္ဓာကိုယ်၌ ရောဂါဘယကင်းရှင်း၍ ကိုယ်၏ကျန်းမာရေးကောင်းမွန်ခြင်း၊ စိတ်၏ကျန်းမာရေးကောင်းမွန်ခြင်း၊ လူမှုဘဝအသိုင်းအဝိုင်းတွင် ပေါင်းသင်းဆက်ဆံရေး အဆင်ပြေစွာဖြင့် နေထိုင်နိုင်ခြင်းဟူသည့် အခြေခံအချက်(၃)ချက် ပြည့်စုံသည့်အခါမှသာ ကျန်းမာခြင်းနှင့်ပြည့်စုံသည်ဟု သတ်မှတ်ထားပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် ခန္ဓာကိုယ်တွင် ရောဂါမျိုးစုံဖြစ်ပွားခံစားနေရပါက ထိုသူအနေဖြင့် စိတ်လည်းချမ်းသာမည်မဟုတ်ဘဲ လူမှုစီးပွားဘဝ အဆင်ပြေစွာနေထိုင်နိုင်ရေးကိုပါ အဆင့်ဆင့် ဆက်လက်ထိခိုက်စေမည် ဖြစ်ပါသည်။

အစာအုပ်စုစုံလင်အောင် စားသုံးခြင်း

ကိုယ်၏ကျန်းမာခြင်းကောင်းမွန်စေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုများကို နေ့စဉ်ပြုမူကျင့်ကြံဆောင်ရွက်ရန်လိုအပ်ပြီး ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များနှင့် စားသောက်မှုပုံစံများကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် အစာအာဟာရကို သင့်တင့်မျှတစွာဖြင့် အစာအုပ်စုစုံလင်အောင် စားသုံးခြင်းသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ လူသားတို့၏ သဘာဝအရသော်လည်းကောင်း၊ မြန်မာလူမျိုးတို့၏ နေ့စဉ် စားသောက်မှုပုံစံအရသော်လည်းကောင်း အစာအာဟာရစားသုံးမှုပြုခြင်းကို နံနက်စာ၊ နေ့လယ်စာ၊ ညစာ စသည်ဖြင့် နေ့စဉ် တစ်ရက်လျှင် အနည်းဆုံး သုံးကြိမ်ခန့်စားသုံး၍ ကြားတွင် အဆာပြေအဖြစ် စားသုံးခြင်း၊ အချိုပွဲအဖြစ် စားသုံးခြင်း၊ သရေစာအဖြစ် စားသုံးခြင်း စသည့် အစားအစာကို ထပ်မံ၍စားသုံးသည့်အချိန်များ ရှိပါသည်။ အဆိုပါ စားသောက်ချိန်တိုင်းတွင် ခန္ဓာကိုယ်မှ လိုအပ်သည်ထက် အစားအစာကို လွန်ကဲစွာပိုမိုစားသုံးခြင်းနှင့် ကျန်းမာရေးကိုထိခိုက်စေသည့် အစားအသောက်များကို စားသုံးမိပါက ခန္ဓာကိုယ်အတွင်းသို့ ရောဂါဖြစ်စေမည့် အကြောင်းအရင်းများနှင့် အဆိပ်အတောက်များ နေ့စဉ်ထည့်သွင်းနေသကဲ့သို့ဖြစ်နေ၍ ကာလမကြာမီအတွင်း ခန္ဓာကိုယ်တွင် ရောဂါများဖြစ်ပွားခံစားရစေ၍ လူသက်တမ်းစေ့မနေရဘဲ စောစီးစွာ အသက်သေဆုံးနိုင်ပါသည်။ ထို့အပြင် နာတာရှည်ရောဂါများ၏ သဘာဝအရ ဆေးကုသမှုစရိတ်မြောက်မြားစွာကို ကာလတာရှည် ကုန်ကျရခြင်း၊ ရောဂါကြောင့် ဘဝနေထိုင်မှုအရည်အသွေးကျဆင်း၍ စိတ်ချမ်းသာမှုမှ ကင်းဝေးစေခြင်း၊ ထို့အပြင် သက်ဆိုင်ရာပုဂ္ဂိုလ်ကိုယ်တိုင်နှင့် မိသားစု၏ လူမှုစီးပွားဘဝကိုပါ ထိခိုက်စေခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။



လေဖြတ်ခြင်းခံစားနေရပုံ

မည်သူမဆို မိမိတို့၏ အစားအသောက်တွင် ပါဝင်သည့်အာဟာရဓာတ်များကို ခန္ဓာကိုယ်မှ ရယူသုံးစွဲ၍ ခန္ဓာကိုယ်၏စနစ်များ လည်ပတ်ကာ အသက်ရှင်သန်နေထိုင်ရသောကြောင့် အစာအာဟာရကို ခန္ဓာကိုယ်၏လိုအပ်ချက်နှင့်အညီ သင့်တင့်မျှတစွာ စားသုံးမှသာလျှင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ စားသုံးမှုပုံစံဟု ခေါ်ဆိုနိုင်ပါသည်။ အစားအသောက်ကို လွန်ကဲစွာစားသောက်မိခြင်းကြောင့် ဖြစ်ပွားလာသော ကျန်းမာရေးပြဿနာ၊ ခန္ဓာကိုယ်မှ လိုအပ်သည့်အတိုင်း အာဟာရဓာတ်များ ပြည့်စုံစွာမရရှိခြင်းကြောင့် အာဟာရဓာတ်ချို့တဲ့၍ ဖြစ်ပွားသောကျန်းမာရေးပြဿနာဟူ၍ အမျိုးမျိုးရှိပါသည်။ အစားအစာကို လွန်ကဲစွာစားသောက်မိခြင်းကြောင့် ဖြစ်ပွားလာသော ကျန်းမာရေးပြဿနာများ၌ အဓိကပြဿနာတစ်ခုမှာ စားသုံးဆီကို လွန်ကဲစွာစားသုံးခြင်းဖြစ်ပါသည်။

စားသုံးဆီကို ခန္ဓာကိုယ်မှလိုအပ်သည့်အတိုင်း အတိုင်းအဆပမာဏနှင့် စားသုံးရန်လိုအပ်သကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီကိုလည်း ရွေးချယ်စားသုံးတတ်ရန် လွန်စွာအရေးကြီးပါသည်။ ယနေ့ခေတ်ကာလတွင် စားသုံးဆီကို လွန်ကဲစွာ စားသုံးလာခြင်းနှင့် စျေးနှုန်းသက်သာသည့် တိရစ္ဆာန်မှရသည့်ဆီ၊ စက်မှုလုပ်ငန်းသုံးဆီ၊ ပြန်ကြော်ဆီ၊ အသွင်ပြောင်းဆီ စသည့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော စားသုံးဆီများကို သုံးစွဲခြင်းအလေ့အထများကြောင့် စားသုံးသူများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုသည် အလွန်ကြီးမားလာလျက်ရှိသည်ကို တွေ့ရှိရပါသည်။

☆ မည်သူမဆို မိမိတို့၏အစားအသောက်တွင် ပါဝင်သည့်အာဟာရဓာတ်များကို ခန္ဓာကိုယ်မှရယူသုံးစွဲ၍ ခန္ဓာကိုယ်၏စနစ်များလည်ပတ်ကာ အသက်ရှင်သန်နေထိုင်ရသောကြောင့် အစာအာဟာရကို ခန္ဓာကိုယ်၏လိုအပ်ချက်နှင့်အညီ သင့်တင့်မျှတစွာစားသုံးမှသာလျှင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ စားသုံးမှုပုံစံဟုခေါ်ဆိုနိုင်

☆ အစားအသောက်ကို လွန်ကဲစွာစားသောက်မိခြင်းကြောင့် ဖြစ်ပွားလာသောကျန်းမာရေးပြဿနာ၊ ခန္ဓာကိုယ်မှ လိုအပ်သည့်အတိုင်း အာဟာရဓာတ်များ ပြည့်စုံစွာမရရှိခြင်းကြောင့် အာဟာရဓာတ်ချို့တဲ့၍ ဖြစ်ပွားသောကျန်းမာရေးပြဿနာဟူ၍ အမျိုးမျိုးရှိပါသည်။ အစားအစာကို လွန်ကဲစွာစားသောက်မိခြင်းကြောင့် ဖြစ်ပွားလာသော ကျန်းမာရေးပြဿနာများ၌ အဓိကပြဿနာတစ်ခုမှာ စားသုံးဆီကို လွန်ကဲစွာစားသုံးခြင်းဖြစ်

စားသုံးဆီကို လွန်ကဲစွာစားသုံးဖြစ်နေသည့်အကြောင်းရင်းတစ်ခု

မြန်မာ့ဓလေ့အရလည်း စားသုံးဆီများစွာပါဝင်သည့် ဆီပြန်ဟင်းများသည် ဟင်းကောင်းဟင်းလျာအဖြစ် ထမင်းစားပွဲဝိုင်းတွင် နေရာယူထားတတ်ပါသည်။ နံနက်စာ (သို့မဟုတ်) အဆာပြေအဖြစ် စားသုံးသော ပဲပြုတ်ဆီဆမ်း၊ ငါးခြောက်ဖုတ်၊ လက်ဖက်သုပ်၊ ချင်းသုပ် စသည့်အစားအသောက်များ၊ အလှူအတန်းများတွင် ပါဝင်လေ့ရှိသည့် ငံပြာရည်ကြော်၊ ငါးခြောက်ကြော် စသည့်အစားအသောက်များတွင် စားသုံးဆီမပါလျှင်မဖြစ်၊ စားသုံးဆီ ရွှဲရွှဲပါမှဟူသည့်အလေ့အထတို့သည် မိမိတို့ပြည်သူများအကြား စားသုံးဆီကို လွန်ကဲစွာစားသုံးဖြစ်နေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။

ယနေ့ခေတ် လူသားများအကြားတွင် စားသုံးဆီကို လွန်ကဲစွာစားသုံးခြင်း ဖြစ်ပေါ်လာခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ဆီဖြင့်ကြော်ထားသည့် အသင့်စားအစားအသောက် (Fast Food) များကို ပိုမိုစားသုံးလာခြင်းဖြစ်ပါသည်။ စားသုံးဆီဖြင့်ကြော်သော အစားအစာများကို လူအများ ပိုမိုနှစ်သက်စွဲလမ်းစေသည့် အခြေခံအချက်များအနက် (၁) အသားဓာတ် ပရိတင်းနှင့် ကစီဓာတ်ပါဝင်သော အစားအစာများကို စားသုံးဆီဖြင့် ကြော်လိုက်သည့်အခါတွင် ထိုအစားအစာတွင် မူလပါဝင်သည့် သကြားဓာတ်များသည် ပိုမို အရသာရှိစေသည့် သကြားဓာတ်များ (Glucose and Fructose) အသွင်သို့ ကူးပြောင်းသွားစေခြင်း၊ (၂) အစားအစာများကို စားသုံးဆီဖြင့် ကြော်လှော်သည့်အခါတွင် အစားအစာများအတွင်းရှိ ရေဓာတ်များ အငွေ့ပျံ၍ထွက်သွားပြီး ထိုနေရာတွင် စားသုံးဆီက အစားထိုးဝင်ရောက်လာခြင်းကြောင့် စားသုံးရာတွင် အစားအစာ၏ ကြွပ်ရွှင်းအရသာကို ခံစားရစေခြင်းနှင့် (၃) စားသုံးဆီဖြင့်ကြော်သည့်အခါ သကြားဓာတ်များပြောင်းလဲမှု (Caramelization)ကြောင့် အစားအသောက်၏ အရောင်အဆင်းပြောင်းလဲ၍ စားချင်စဖွယ်ဆွဲဆောင်မှုကို ဖြစ်စေခြင်းတို့ကြောင့်ဟု သိရှိရပါသည်။

ခန္ဓာကိုယ်တွင် စွမ်းအင်ပိုလျှံမှုများဖြစ်စေ

အစားအစာများတွင် ပါဝင်သည့်စွမ်းအင်ဓာတ် (ကယ်လိုရီ) အပေါ်မူတည်၍ အခြေခံအားဖြင့် အစာအုပ်စုများ ခွဲခြားထားရာတွင် ကစီဓာတ် (Carbohydrate) နှင့် အသားဓာတ် (Protein) တို့သည် တစ်ဂရမ်လျှင် လေးကယ်လိုရီသာ ပါဝင်သော်လည်း အဆီဓာတ် (Fat) တစ်ဂရမ်လျှင် ကိုးကယ်လိုရီအထိ ပါဝင်၍ အဆီဓာတ်များပြားသောအစားအစာများကို လွန်ကဲစွာစားသုံးပါက ခန္ဓာကိုယ်တွင် စွမ်းအင်ပိုလျှံမှုများဖြစ်စေပါသည်။ အဆိုပါပိုလျှံစွမ်းအင်များကို ခန္ဓာကိုယ်မှ အဆီဓာတ်အနေဖြင့် သိမ်းဆည်းထား၍ အဝလွန်ခြင်းအပါအဝင် နောက်ဆက်တွဲရောဂါများစွာဖြစ်ပွားစေပါသည်။

ယနေ့ ၂၁ ရာစုခေတ် လူများ၏ ဘဝနေထိုင်မှုပုံစံအရ မြို့ကြီးများတွင် နေထိုင်လာရခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အထက်တွင်ဆိုခဲ့သည့် **စားသုံးဆီကိုလွန်ကဲစွာစားသုံးခြင်းနှင့် ကျန်းမာရေးနှင့်မညီညွတ်သော စားသုံးဆီများကို သုံးစွဲလာရခြင်းကြောင့်** အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများ ကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားခြင်း၊ အမျိုးအစား (၂) ဆီးချိုရောဂါဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်းစသည့် မကူးစက်နိုင်သည့် နာတာရှည်ရောဂါများဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ သုတေသနတွေ့ရှိချက်များအရ Amino Acid Asparagine ပါဝင်သည့်အစားအစာများ (ဥပမာ- အာလူး စသည်...)တို့ကို ဆီဖြင့် အပူချိန်မြင့်မားစွာကြော်သည့်အခါတွင် Acrylamide ခေါ် အဆိပ်ဓာတ်တစ်မျိုးထွက်ပေါ်လာပြီး ၎င်းဓာတ်သည် ကင်ဆာအမျိုးမျိုးကို ဖြစ်ပွားစေနိုင်သည်ဟု သိရှိရပါသည်။

အထက်ဖော်ပြပါ မကူးစက်နိုင်သောရောဂါများကြောင့် ယနေ့ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူဦးရေ ၄၁ သန်းကျော် အသက်ဆုံးရှုံးနေရပြီး တစ်ကမ္ဘာလုံး သေဆုံးမှုအားလုံး၏ ၇၁ ရာခိုင်နှုန်းအထိ ဖြစ်နေသည်ကိုသိရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် (၃၀) နှင့် (၆၉) နှစ်ကြား သေဆုံးမှုအားလုံး၏ ၈၅ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါများကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၆ ခုနှစ်၌ ဆေးရုံတက်လူနာသေဆုံးမှုအားလုံး၏ ၄၂ ရာခိုင်နှုန်းသည် မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးနေရကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန်ပြင်းထန်ရောဂါများ ထပ်မံဝင်ရောက်ဖြစ်ပွားပါကလည်း မကူးစက်တတ်သော နာတာရှည်ရောဂါအခံရှိသူများသည် ပိုမိုပြင်းထန်စွာခံစားရ၍ အသက်သေဆုံးနိုင်မှုအန္တရာယ် ပိုမိုများပြားပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူအများစုမှာ အဆိုပါနာတာရှည်ရောဂါအခံရှိသူများနှင့် အသက်အရွယ်ကြီးရင့်သူများဖြစ်သည်ကို တွေ့ရပါသည်။

၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော သုတေသနစာတမ်းတစ်ခုတွင် မြန်မာတို့၏ ပျမ်းမျှနေ့စဉ်စားသုံးဆီစားသုံးမှုသည် သုည ဒသမ ၅၄ ကျပ်သားဖြစ်၍ တစ်နှစ်စားသုံးမှုအနေဖြင့် နှစ်ပိသာခန့်သာဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်၏ သုတေသနစာတမ်းတစ်ခုတွင် လူတစ်ယောက်တစ်နေ့ဆီစားသုံးမှုမှာ ၁ ဒသမ ၇၂ ကျပ်သားဖြစ်၍ တစ်နှစ်စားသုံးမှုအနေဖြင့် ခြောက်ပိသာခန့် ရှိလာခဲ့ပါသည်။

စာမျက်နှာ ၁၇ သို့ *

စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်း ပြီးစီး

ဝေါ နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လအတွင်း ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးရွာတစ်ရွာလျှင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(Village Development Project)

ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်း အစည်းအဝေးများကို နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ပြုလုပ်ခဲ့သည်။

အဆိုပါ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်း အစည်းအဝေးများပြုလုပ်ပေးသည့် ကျေးရွာများမှာ အဗျာအောက်စုကျေးရွာ၊ ဇွဲဘက်ကျေးရွာ၊ မဝါတဲစုကျေးရွာနှင့် ကျောက်ပုံကျေးရွာတို့ဖြစ်ကြပြီး ထိုကျေးရွာများတွင် တာဝန်ရှိသူများက ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီများ ဖွဲ့စည်းပေးခဲ့သည်။

ယင်းနောက် ကျေးရွာများတွင် စီမံကိန်းရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သောကြောင့် သင်တန်းပို့ချခြင်း၊ ကျေးရွာများ၏ ဒေသဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အပင်တစ်သျှူးနည်းပညာအကြောင်း ပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

အောင်ပန်းမြို့၌ အာလူးမျိုးများ မျိုးသန့်ထုတ်လုပ်ရာတွင် အခြေခံကျသည့် အပင်တစ်သျှူးနည်းပညာအကြောင်း ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတောင်သူတို့၏ လိုအပ်ချက်များဖြစ်သော ရောဂါ၊ ပိုးမွှားကင်းစင်သော မျိုးအာလူးများ ထုတ်လုပ်နိုင်ရန်နှင့် မျိုးအာလူးထုတ်လုပ်ဖြန့်ဖြူးရေး စနစ်ကောင်းတစ်ခု ထူထောင်နိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန၊ အောင်ပန်း၊ ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်အေးက အဖွင့်အမှာစကားပြောကြားသည်။ ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံမှ သုတေသနအရာရှိဒေါ်ခိုင်ခိုင်ဦးက အပင်တစ်သျှူးနည်းဖြင့် မျိုးအာလူးများထုတ်လုပ်သည့်နည်းပညာနှင့် အခြေခံလိုအပ်ချက်များ၊ အထောက်အကူပြုဟော်မုန်းများ

အကြောင်း၊ ဒေသသုတေသနဗဟိုဌာန၊ အောင်ပန်းမှ သုတေသနအရာရှိ ဒေါက်တာဝင်းဝင်းနွယ်က မျိုးအာလူး ထုတ်လုပ်ခြင်း၏ အခြေခံသဘောတရားများ၊ လက်ထောက်သုတေသနအရာရှိ ဒေါ်ဝင်းသန္တာက အပင်တစ်သျှူးနည်းပညာ၏ အခြေခံသဘောတရားများကို အသီးသီး ပညာပေးဆွေးနွေးခဲ့ကြသည်။ ဒေသသုတေသနဗဟိုဌာန အောင်ပန်းရှိ အပင်တစ်သျှူးဓာတ်ခွဲခန်းသို့ ကြည့်ရှုလေ့လာခြင်း၊ အာလူးတစ်သျှူးပင်ငယ်များ၏ ထုတ်လုပ်ပုံအဆင့်ဆင့်အား လက်တွေ့ပြသခြင်း၊ အပင်တစ်သျှူးနည်းပညာအား လက်တွေ့ပြုလုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဟဲဟိုး အာလူးအစုအဖွဲ့၊ နောင်တရား အာလူးအစုအဖွဲ့များ၊ သံတဲနှင့် ပွေးလှမှ မျိုးအာလူး စိုက်ပျိုးထုတ်လုပ်နေသူ တောင်သူ ၁၂ ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၂၂ ဦးနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ၁၈ ဦး စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အင်းစိန်မြို့နယ်၌ (၁၀၁)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်)က ကြီးမှူး၍ (၁၀၁)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို Online Talk Show အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အင်တာနက်ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်သည်။

အသိပညာပေးဆွေးနွေး

အဆိုပါ အသိပညာပေးဆွေးနွေးဟောပြောပွဲတွင် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်)နှင့် အင်းစိန်မြို့နယ် စာပေဥယျာဉ်အသင်း(Book Club)ဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ စာပေမြတ်နိုးသူ၊ စာပေဝါသနာရှင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြန်မာနိုင်ငံ၏ သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံအကြောင်းအရာများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

❖ စပိန်အသင်းမှ

ဆားဘီးယားအသင်းဟာ အုပ်စုအဆင့်ပွဲစဉ်ရှစ်မှာ ပေါ်တူဂီအသင်းကို အနိုင်ရရှိခဲ့ကာ ရမှတ် ၂၀ နဲ့ အုပ်စုအဆင့်ပထမနေရာနဲ့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းနဲ့ ဆားဘီးယားအသင်းတို့ပွဲစဉ်မှာ ပေါ်တူဂီအသင်းဟာ ရီနာတိုဆန်းချက်စ်ရဲ့ ပွဲကစားချိန် နှစ်မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဆားဘီးယားအသင်းဟာ ပွဲကစားချိန် ၃၃ မိနစ်မှာ တာဒစ်ရဲ့သွင်းဂိုး၊ မိနစ် ၉၀ မှာ မီထရိဗစ်ရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် ဆားဘီးယားအသင်းက ပေါ်တူဂီအသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ဆားဘီးယားအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ကာတာနိုင်ငံမှာ ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရေးအတွက် Play-offs ကစားရမှာဖြစ်ပြီး အနိုင်ရရှိမှသာ ဝင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

ငွေကြေယ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၅

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချန်းရွာနိုင်သည်။

မိုး/၉လ

❋ စာမျက်နှာ ၁၆ မှ

မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လေ့လာရပါလျှင် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တန်ချိန် ၇၆၈၀၀၀ ကျော်၊ ၂၀၁၈ မိနီဘတ်ဂျက်တွင် တန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တန်ချိန် ၈၅၅၀၀၀ ကျော်၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၈၈၈၀၀၀ ကျော်၊ ယခုနှစ်တွင် စက်တင်ဘာ ၁၇ ရက်အထိ တန်ချိန် ၇၉၀၀၀၀ ခန့် တင်သွင်းခဲ့ကြောင်း သိရှိရပါသဖြင့် မိမိတို့နိုင်ငံရှိ လူဦးရေနှင့် ပြန်လည်တွက်ချက်ကြည့်ပါက လူတစ်ဦးချင်းစီအနေဖြင့် တစ်နှစ်လျှင် စားသုံးဆီ ၁၀ပိသာခန့်အထိ စားသုံးကြောင်းသိရှိလာရ၍ တစ်ဦးချင်းစီ၏ ဆီစားသုံးမှုနှုန်းမှာ ဆယ်စုနှစ်သုံးခုကာလခန့်အတွင်းတွင် ငါးဆခန့်အထိ သိသိသာသာမြင့်တက်လာနေသည်ကို တွေ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲမှ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရလက်စွဲစာအုပ် (၂၀၁၃) ခုနှစ်တွင် ဖော်ပြထားချက်အရ **အသက်အရွယ်အလိုက် နေ့စဉ်စားသုံးရန်သင့်လျော်သည့် စားသုံးဆီပမာဏမှာ အသက်တစ်နှစ်မှ သုံးနှစ် အုပ်စုအတွက် ၁ ဒဿမ ၂၅ ကျပ်သား (စားပွဲတင်ဇွန်းဖြင့် တစ်ဇွန်းခွဲခန့်)၊ အသက် လေးနှစ်မှ ခြောက်နှစ် အုပ်စုအတွက် ၁ ဒဿမ ၅၀ ကျပ်သား(စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခန့်)၊ အသက် ခုနစ်နှစ်မှ ကိုးနှစ်အုပ်စုအတွက် နှစ်ကျပ်သား (စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခွဲခန့်)၊ အသက် (၁၀) နှစ်မှ (၁၂) နှစ် အုပ်စုအတွက် နှစ်ကျပ်သား (စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခွဲခန့်)၊ အသက် (၁၃) နှစ်မှ (၁၉) နှစ် အုပ်စုအတွက် ၃ ဒဿမ ၅၀ ကျပ်သား (စားပွဲတင်ဇွန်းဖြင့် လေးဇွန်းခွဲခန့်)၊ အမျိုးသား(လူကြီး) အတွက် နှစ်ကျပ်သား (စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခွဲခန့်)၊ အမျိုးသမီး(လူကြီး) အတွက် ၁ ဒဿမ ၅၀ကျပ်သား (စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခန့်)၊ ကိုယ်ဝန်ဆောင်မိခင်လောင်းအတွက် နှစ်ကျပ်သား (စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခွဲခန့်)၊ နို့တိုက်မိခင်အတွက် နှစ်ကျပ်သား (စားပွဲတင်ဇွန်းဖြင့် နှစ်ဇွန်းခွဲခန့်)ဖြစ်သည့်အတွက် မိမိအသက်အုပ်စုနှင့် သင့်လျော်သည့်ဆီပမာဏကိုသာ စားသုံးသင့်ပါသည်။**

ဆီစားသုံးမှုကို သတိပြု၍လျှော့ချရန်

ဆီစားသုံးမှုလွန်ကဲခြင်းအားဖြင့် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီ၏ ကျန်းမာရေးကို ရေရှည်တွင် ထိခိုက်စေ၍ ဘဝနေထိုင်မှုအရည်အသွေးနိမ့်ကျစေခြင်း၊ ကျန်းမာရေးချို့တဲ့စေ၍ ကိုယ်တိုင်အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေနည်းပါးစေခြင်းများ ခံစားရစေသကဲ့သို့ မိသားစုဝင်များအနေဖြင့်လည်း ရောဂါလက္ခဏာခံစားနေရသူအတွက် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်စကများ ကုန်ကျရစေခြင်းကြောင့် လူမှုစီးပွားဒုက္ခများ ခံစားရစေပါသည်။ သို့ဖြစ်ပါ၍ လူတိုင်း/မိသားစုတိုင်းအနေဖြင့် ဆီစားသုံးမှုကို သတိပြု၍လျှော့ချရန် အချိန်အခါသင့်ပြီဖြစ်ပါသည်။

ပြည်တွင်း၌ ဆီစားသုံးမှုများကိုလျှော့ချ၍ စားသုံးဆီကို ပြည်တွင်း၌ပင် ဖူလုံစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်ပြီး နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲကုန်ကျနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကာ ပြည်သူများ၏ လူမှုစီးပွားတိုးတက်စေရေးကိုလည်း ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လူတိုင်း/မိသားစုတိုင်းအနေဖြင့် စားသုံးဆီကို သင့်လျော်သည့်ပမာဏအတိုင်းသာ ချင့်ချိန်စားသုံးခြင်းဖြင့် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို ကောင်းစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ မိသားစုအတွင်း လူမှုစီးပွားဒုက္ခများ ခံစားရနိုင်မှုကိုလည်း ကောင်းစွာလျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အခါ မိဘပြည်သူတိုင်းအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖွင့်ဆိုသည့် ကျန်းမာခြင်းအနက်အဓိပ္ပာယ်နှင့်အညီ ကျန်းမာစွာနေထိုင်နိုင်မည်ဖြစ်ပြီး “အာရောဂျ၊ ပရမံ၊ လာဘံ”ဟူသည့် ကျန်းမာခြင်းဆုလာဘ်ကြီးကိုလည်း လက်ဝယ်ပိုင်ပိုင် ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း စားသုံးဆီတင်သွင်းရသည့်အတွက် ကုန်ကျရသည့်နိုင်ငံခြားငွေများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးကောင်းမွန်ခြင်း၊ ကိုဗစ်-၁၉ ရောဂါစည်းကမ်းများနှင့်အညီ နေထိုင်ခြင်း၊ အကြိမ်ပြည့်ကာကွယ်ဆေးထိုးနှံမှုခံယူထားခြင်းတို့ဖြင့် ယခုအချိန်ကဲ့သို့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ရောဂါဝင်ရောက်ကူးစက်မှုနှင့် ရောဂါပြင်းထန်စွာခံစားရမှုများကို ကောင်းစွာလျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ “သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာလို့ လူမှုစီးပွားအဆင်ပြေစေဖို့ စားသုံးဆီကို လျှော့စားကြပါစို့”ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၀၁ ရာခိုင်နှုန်းရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း**(၂၃,၂၈၃)**ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀၀)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၀၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၂၃၃,၅၄၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၃,၉၆၂)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၅၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၄,၉၉၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၉၄၆) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၃) ၊ အပတ်စဉ် (၄၄) နှင့် အပတ်စဉ် (၄၅) တို့ကို နှိုင်းယှဉ်ချက်အရ ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်မှု ဆက်လက်လျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၅-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၈၁၉) ခု	(၁၆) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၇၇) ခု	(၈) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၆၆၈) ခု	(၂) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၃၀) ခု	(၂) ဦး
စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၃၁) ခု	(၃) ဦး
လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၈၀) ခု	(၁၀) ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၂,၀၅၈) ခု	(၂၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၇၆၈) ခု	(၂၀) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၁၈,၇၅၂) ခု	(၆၁၈) ဦး
စုစုပေါင်း	(၂၃,၂၈၃) ခု	(၇၀၀) ဦး

လွန်ခဲ့သော (၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ် တွေ့ရှိမှု အခြေအနေ (၂၄-၁၀-၂၀၂၁ ရက်နေ့မှ ၁၃-၁၁-၂၀၂၁ ရက်နေ့အထိ)

ရက်စွဲ	ဓာတ်ခွဲနမူနာ စုစုပေါင်း	ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း	ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း
(၂၄-၁၀-၂၀၂၁ မှ ၃၀-၁၀-၂၀၂၁) (Epi Week-43)	၁၂၉,၁၀၆	၅,၇၄၅	၄.၄၅
(၃၁-၁၀-၂၀၂၁ မှ ၆-၁၁-၂၀၂၁) (Epi Week-44)	၁၅၈,၃၃၉	၆,၆၇၇	၄.၂၂
(၇-၁၁-၂၀၂၁ မှ ၁၃-၁၁-၂၀၂၁) (Epi Week-45)	၁၇၉,၁၁၇	၆,၂၅၀	၃.၆၆

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၄၇,၉၁၆,၁၉၀	၃၇,၉၁၈,၃၀၁	၇၈၃,၅၆၅
၂။	အိန္ဒိယ	၃၄,၄၇,၇၅၆	၃၃,၈၄,၉၇,၈၅၅	၄၆၃,၆၅၅
၃။	ဘရာဇီး	၂၁,၉၅,၇၉၆	၂၁,၁၅,၃၃,၄၂	၆၁၁,၃၁၈
၄။	ဗြိတိန်	၉,၅၆,၁၀၉	၇,၈၂,၅၂,၀၀	၁၄၂,၈၉၈
၅။	ရုရှား	၉,၁၀,၉၀၄	၇,၈၁,၅၅,၇	၂၅၆,၅၉၇
၆။	တူရကီ	၈,၄၀,၈၁၆	၇,၈၈,၉၅,၅၉	၇,၃,၃၁
၇။	ပြင်သစ်	၇,၈၇,၆၄,၅	၇,၀၀,၉,၀၀,၉	၁၁၈,၁၅၄
၈။	အီရန်	၆၀,၄,၅၁,၁	၅,၇၀,၈၂,၅,၃	၁,၈၂,၇၂
၉။	အာဂျင်တီးနား	၅,၃၀,၅,၇,၄	၅,၁၇,၂,၉,၃	၁၁၆,၂,၂
၁၀။	စပိန်	၅,၀,၄,၁,၅၆	၄,၈၈,၉,၈၀,၁	၈၇,၆,၃

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၄,၅,၁,၀,၅၆	၄,၀,၉,၈,၈,၄	၁၄,၃,၆,၇,၀
၂။	ဖိလစ်ပိုင်	၂,၈၁,၈,၅,၁	၂,၇,၄,၅,၇,၇,၇	၄,၅,၇,၀,၉
၃။	မလေးရှား	၂,၅,၆,၃,၀,၉	၂,၄,၅,၁,၂,၁,၆	၂,၉,၆,၇,၆
၄။	ထိုင်း	၂,၀,၂,၄,၇,၅,၃	၁,၉,၁,၀,၅,၀,၉	၂,၀,၀,၇,၉
၅။	ဗီယက်နမ်	၁,၀,၃,၅,၁,၃,၈	၈,၆,၄,၅,၁,၆	၂,၃,၈,၃
၆။	မြန်မာ	၅,၁,၃,၉,၆,၂	၄,၈,၄,၉,၉,၂	၁,၈၉,၄,၆
၇။	စင်ကာပူ	၂,၃,၇,၀,၃	၂,၁,၇,၂,၄	၅,၈,၆
၈။	ကမ္ဘောဒီးယား	၁,၁၉,၅,၈,၈	၁,၁,၅,၉,၇,၉	၂,၈,၇,၂
၉။	လာအို	၅,၅,၀,၁,၈	၅,၄,၇,၅,၆	၁,၀,၄
၁၀။	ဘရူနိုင်း	၁,၄,၂,၁,၅	၁,၃,၅,၆,၂	၉,၆

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

“သူတက်လာတာမြင်ရတော့ ခင်ဗျားစိတ်မှာ မခံချင် မဖြစ်မိဘူးလား”

“ဟာ .. ဒါတော့ ဖြစ်မိတာပေါ့ခင်ဗျာ။ အမှန်ကတော့ အရင်ကဆိုရင် ဝင်းသော်တာကလူဟာ ကျွန်တော့်ရဲ့ လက်ဝဲခံပါ။ အခုတော့ ကျွန်တော့်ကို ဆေးဖော်ကြောဖက်တောင် မလုပ်တော့ဘူးခင်ဗျ”

“ဒီတော့ ခင်ဗျားမှာ ခင်ဗျားရဲ့ပွဲရုံကို အရင်ကလို ကြီးကျယ်လာပြီး သူ့ပွဲရုံပြုတ်သွားအောင် လုပ်ချင်တဲ့ဆန္ဒ မပေါ်ပေါက်မိဘူးလားဟင်...”

“အမှန်ပြောရရင်တော့ အဲဒီလိုစိတ်ကူးမျိုး မကြာမကြာ ပေါ်မိတယ်ခင်ဗျ”

ဖေဖေသည် ဦးမောင်ကလေး၏စကားကို ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင်နေသည်။

“လုပ်ရင်ကော ရမယ်ထင်သလား ကိုမောင်ကလေး”

“ဒါကတော့ဗျာ။ ကျွန်တော်ဟာ ပွဲစားလောကမှာ ကျင်လည်လာတာ အနှစ်အစိတ် ကျော်ပါပြီ။ အဆက်အသွယ်တို့၊ အလုပ်သဘောတို့ကို သူတို့ထက် ကျွန်တော် ပိုပြီးနားလည်ပါတယ်။ ပိုပြီး သဘောပေါက်ပါတယ်။ အချိန်မရွေး သူတို့ကို ဖြတ်ကျော်နိုင်ပါတယ်”

“နို့ ဘာလို့ ပွဲရုံအလုပ်ကို ဖိဖိစီးစီးမလုပ်တာလဲဟင်”

“ဦးအောင်ခန့်သိတဲ့အတိုင်း တစ်ချိန်က ကျွန်တော် အတော် တေခဲ့ပေခဲ့လေတော့ ရှိသမျှ စည်းစိမ်ပြုတ်ခဲ့ပါတယ်။ လူတွေကလည်း မယုံတော့ဘူးခင်ဗျ။ အခုအချိန်မှာ ထလုပ်ဖို့ဆိုတာ လက်ထဲမှာငွေရှိရင် ရပါတယ်။ ငွေမရှိလို့သာ ခံပြင်းပြင်းနဲ့ ခံနေရတာပေါ့ခင်ဗျာ”

“ငွေဘယ်လောက်လိုသလဲဟင်”

“အနည်းဆုံး ခြောက်ထောင်၊ အများဆုံး တစ်သောင်းလောက်လိုပါတယ်”

“ငွေတစ်သောင်းရရင် ခြေနိုင်လက်နိုင် လုပ်နိုင်မယ်ပေါ့။ ဟုတ်စ”

“ဟုတ်ပါတယ်ခင်ဗျ”

ဖေဖေသည် စဉ်းစားသလိုအမူအရာဖြင့် တွေသွားသည်။ အတန်ကြာမှ စကားပြန်စသည်။

“ခင်ဗျား အရင်ကလို အရက်သောက်သေးသလား”

“ အရက်ဖြတ်ထားတာ တစ်နှစ်ရှိပါပြီခင်ဗျ ”

“ မိန်းမကော”

“ လက်ရှိမိန်းမနဲ့ပဲ အေးအေးချမ်းချမ်း ပေါင်းသင်းနေပါတယ်ခင်ဗျ။ အသက်က စကားပြောတာပေါ့ခင်ဗျာ။ အသက်ကကြီးလာ၊ ဥစ္စာကလည်း ပျက်လာဆိုတော့ အခု နောင်တတရားရနေပါပြီခင်ဗျာ။ တစ်ညကို ဂုဏ်တော်တစ်ထောင် ပုတီးစိပ်”

ဦးမောင်ကလေး၏စကားကို အဆုံးတိုင် စောင့်စားနားထောင်လိုခြင်း မရှိဟန်ဖြင့် ဖေဖေဖြတ်ပြောသည်။

“တော်ပြီ ကိုမောင်ကလေး၊ တခြားဟာကို ထားတော့။ အခု ခင်ဗျားကို ကျုပ် ငွေတစ်သောင်းချေးမယ်”

“ဗျာ”

ဖေဖေ့စကားအတွက် ဦးမောင်ကလေး အံ့အားသင့်သွားသည်။ နားကိုပင် မယုံနိုင်အောင်ဖြစ်သွားပုံရသည်။

ဖေဖေသည် မီးခဲသေတ္တာအတွင်းမှ ချက်လက်မှတ်စာအုပ်ကို ထုတ်ယူလိုက်သည်။ ချက်လက်မှတ်တွင် စာရေးပြီး ဦးမောင်ကလေးအား လှမ်းပေးလိုက်သည်။ ချက်လက်မှတ်ကို လှမ်းယူသော ဦးမောင်ကလေး၏ လက်များမှာ တဆတ်ဆတ်တုန်နေကြောင်း မြင်ရသည်။ ဖေဖေ့အား ထိုင်ပြီး ဦးချရတော့မလိုအမူအရာမျိုး ဖြစ်လာသည်။

“ဒီ ... ဒီငွေကို ဘယ်လိုစာချုပ်နဲ့ချေးမှာလဲ ခင်ဗျာ” အထစ်ထစ်အငေ့ါငေ့ါနှင့် မေးသည်။

“ခင်ဗျား အခု နောင်တရနေပြီဆို”

“ဟုတ်ကဲ့ခင်ဗျာ”

“နောင်တမရသေးတဲ့ လူမျိုးသာ စာချုပ်လိုတာပါ။ နောင်တရခဲ့တဲ့လူတစ်ယောက်အတွက် မလိုပါဘူး”

“ဘယ်တော့လောက် ပြန်ဆပ်ရမှာလဲ ခင်ဗျာ”

“ဝင်းသော်တာ ပွဲရုံပြုတ်တဲ့နေ့”

“ခင်ဗျာ”

“ဒီမယ် ကိုမောင်ကလေး။ ကျုပ်အရှင်းဆုံး ပြောမယ်။ ကျုပ် ဝင်းသော်တာရုံ ကြီးပွားနေတာ၊ စီးပွားဖြစ်ထွန်းနေတာ မကြည့်ချင်ဘူး။ ကျုပ်အကြောင်းနဲ့ ကျုပ် ဒီပွဲရုံပြုတ်သွားတာ မြင်ချင်တယ်။ သူတို့တစ်တွေ ကုန်းကောက်စရာမရှိအောင် မွဲသွားတာ ကျုပ် မြင်ချင်တယ်။ ဒီသဘောနဲ့ ခင်ဗျားကို ပြန်တင်ပေးတာပဲ။ ငွေချေးတာပဲ။ နားလည်ပြီလား ကိုမောင်ကလေး”

“ဟုတ်.. ဟုတ်ကဲ့ နားလည်ပါပြီခင်ဗျ။ ငွေချေးတဲ့အတွက် အတိုးကို ဘယ်လိုပေးရမှာလဲ အမိန့်ရှိပါဦးခင်ဗျာ”

“ပွဲစားဆိုပြီး အတော်နားဝေးတဲ့လူပဲ။ ဒီအတွက် ကျုပ် အတိုးတစ်ပြားတစ်ချပ်မှ မလိုချင်ဘူး။ ဒါပဲ။ ကဲ ခင်ဗျား ပြန်တော့။ ဒီကနေ့ကစပြီး အလုပ်လုပ်တော့”

သို့ဖြင့် ဦးမောင်ကလေး ရူးမတတ် ဝမ်းသာအားရဖြစ်သွားဟန်ဖြင့် ပြန်သွားသည်။ သည်တော့မှပင် ဖေဖေသည် ကိုကိုနှင့်သူ့အကြား၌ ခလောက်ဆန်ခဲ့သော ဦးကောင်းမိုးအပေါ် တစ်နည်းတစ်လမ်းအားဖြင့် တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း ခင်ခင်ကြီးတို့ နားလည်သဘောပေါက်ရသည်။

ထိုအတွက် ခင်ခင်ကြီး စိတ်မကောင်းဖြစ်ခဲ့ရသည် အမှန်ပင်။ ရင်ဝယ် စနောင့်စနင်းရှိရသည် အမှန်ပင်။ မိမိနှင့် မောင်မောင်ဦးတို့ကိစ္စကို ဖေဖေ့အား ဖွင့်ပြော၍ မည်သည့်အခါမျှ ဖြစ်နိုင်မည်မဟုတ်ကြောင်း တွေးမိသည်။ ပြီးလျှင် မောင်မောင်ဦးကို ယူပါက ရေနံ့သာနှင့်ကင်းကွာရမည့်အဖြစ်၊ မိသားစုစာရင်းမှ အပယ်အဖျက်ခံရမည့်အဖြစ်ကိုလည်း စဉ်းစားမိသည်။ သို့ပေမဲ့ နောက်ပိုင်း ဘာဖြစ်ဖြစ် တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ နေရ၊ ရွှေဘုံပေါ်မှာ စံရ၊ စံရ၊ ချစ်တာပဓာနဆိုမဟုတ်လား။ သည်လောကဝယ် မောင်မောင်ဦးထက် ခင်တွယ်ရမည့်အရာမရှိ။ မောင်မောင်ဦးသည်သာ မိမိအတွက် ခင်တွယ်ရာ၊ မြတ်နိုးရာဟု ခင်ခင်ကြီး ပြက်ပြက်ထင်ထင် မြင်သည်။

မိုးကြောင့် သည်ည စောစောအိပ်ရာဝင်မည်ဟု ခင်ခင်ကြီး စိတ်ကူးသည်။ သို့ဖြင့် ပြတင်းပေါက်မှ နေကာ ခုတင်ဆီသို့ လာခဲ့သည်။ ခုတင်ပေါ်သို့ လဲလျောင်းလိုက်သည်။

မှေးခနဲ အိပ်ပျော်သွားချိန်တွင် ဆူဆူညံညံ အသံဗလံများကြောင့် အိပ်ရာမှ လန့်ဖျပ်နိုးလာရသည်။ အစသော် အိပ်မက်ဟု ထင်သည်။ နောက်တော့ အောက်ထပ်ဆီမှ အသံများ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ကြားရသည်။ ခင်ခင်ကြီးသည် အိပ်ရာမှ ထလိုက်သည်။ အခန်းအပြင်သို့ ထွက်ခဲ့သည်။ ထိုအခါ အောက်ထပ်မှာ မီးလင်းနေကြောင်း မြင်ရသည်။ ဖေဖေသည် တံခါးပေါက်ဝမှာ ရှိသည်။ အခန်းအလယ်တွင် မေမေနှင့်ဘွားဘွားတို့ ရပ်နေကြသည်။ ခင်ခင်ကြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဖေဖေ၏အသံကို ကြားနေရသည်။

“မင်း ဒီအိမ်ဝိုင်းထဲရောက်နေတာတောင် လွန်လှပြီ။ ထွန်းခင်ကို ဆွဲထုတ်မခိုင်းခင် ပြန်ထွက်သွားစမ်း”

ဖေဖေစကားကြောင့် ခင်ခင်ကြီး ရင်ထိတ်ရသည်။ အသည်းနှလုံးမှာ ဆတ်ဆတ်ခါမျှ တုန်လှုပ်ရသည်။ မောင်မောင်ဦးလေလား။ မောင်မောင်ဦးသည် ဝိုင်းအတွင်း စွန့်စားဝင်ရောက်လာရာမှ ဖေဖေနှင့် တိုးသွားရလေသလား စိုးရိမ်စိတ်ဝင်သည်။

“မဟုတ်ပါဘူး ဖေဖေ။ ကျွန်တော် စကားတစ်ခွန်းနှစ်ခွန်းပဲ ပြောပါရစေ”

အသံကြောင့် မောင်မောင်ဦး မဟုတ်ကြောင်းသိရသည်။ ကိုကိုပါကလားဟု သိရသည်။ ရင်အေးသွားရသည်။ သို့ပေမဲ့ ကိုကိုဆိုတော့လည်း ခင်ခင်ကြီး နောက်မဆုတ်နိုင်။

တစ်ကိုယ်လုံး ဝမ်းသာကြည်နူးရသောစိတ်ဖြင့် တဆတ်ဆတ်တုန်လာသည်။

“အိမ်ထဲဝင်ခွင့်မပေးရင် နေပါဖေဖေ။ ဒီကနေပဲ ပြောပါမယ်။ ကျွန်တော့်စကားကို ဖေဖေ နားထောင်ရင် တော်ပါပြီ”

ကိုကိုအား မြင်ချင်တွေ့ချင်စိတ်ကို ချိုးနှိမ်မရ။ ကိုကိုရေဟု ခေါ်လိုက်ချင်သည်မှာလည်း ပါးစပ်မှာ ရွရွတက်နေသည်။ ဖေဖေက တံခါးပေါက်ဝတွင် ပိတ်ရပ်နေသောကြောင့် ကိုကိုအား နှုတ်မဆက်သာသည်ကိုပင် အားမလိုအားမရ ဖြစ်မိသည်။

ကိုကိုသည် မိုးရွာထဲ ရပ်နေသည်။ အဆောင်းအကာမပါ၊ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ခိုက်ခိုက်တုန်နေသည်။ သည်အဖြစ်ကိုမြင်ရတော့ အမှန်ပင် စိတ်မကောင်း၊ ရင်နင့်သည်။

“ကိုင်း၊ ပြောရင်လည်း မြန်မြန်ပြော။ တိုတိုပြော။ ဒါအိပ်ချိန်ကွ သိလား”

ဖေဖေကတော့ ရက်စက်နိုင်စွမ်းသူ ဖြစ်သည်။ ကိုကို၏အဖြစ်ကို လျစ်လျူရှုနိုင်သည်။ မာကျောခက်ထန်စွာ ဆက်ဆံနိုင်သည်။

“ကျွန်တော် အဓိကပြောချင်တာက ကျွန်တော် နောင်တရပြီဆိုတာပဲ ဖေဖေ”

“ဟေ၊ လာပြန်ပြီလားကွ၊ နောင်တရတဲ့ လူတစ်ယောက်”

“တကယ်ပါ ဖေဖေ။ ကျွန်တော် မိုက်မဲခဲ့တယ်။ မှားခဲ့တယ်ဆိုတာ ဝန်ခံပါတယ်။ လူကြီးမိဘတွေ စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတာကို ခွင့်လွှတ်ပါလို့ ကျွန်တော် တောင်းပန်ပါတယ် ဖေဖေ”

ကိုကို့အသံကြားရတော့ မငိုမရန် မနည်းထိန်းရသည်။ ကိုကို့ကို သည်တစ်ကြိမ်လောက် တစ်ခါမျှ မသနားမိခဲ့။ ရင်ထဲမှာ လှိုက်လှဲလာသည်။

“အမှားကိုဝန်ခံတာ လူတော်ပဲ။ အေး၊ မင်း လူတော်ပဲ ခင်မောင်ညွှန့်။ ကိုင်း မင်းပြောချင်တာ ဒါပဲမဟုတ်လား”

“နေပါဦး ဖေဖေ။ တံခါး ပိတ်မပစ်ပါနဲ့ဦး။ ကျွန်တော် ကျွန်တော်တောင်းပန်ပါတယ် ဖေဖေ။ ကျွန်တော့်ကို အိမ်မှာ ပြန်ပြီး လက်ခံပါလို့ တောင်းပန်ပါတယ်”

သည်တွင် ခင်ခင်ကြီးသာမက ဖေဖေအနီးသို့ မေမေတို့ ဘွားဘွားတို့ပါ ရောက်လာသည်။

“နောက်ထပ် အခုလိုမမှားစေရဘူးလို့ ကျွန်တော် ကတိပေးပါတယ်ဖေဖေ။ ကျွန်တော့်ကို အိမ်မှာ ပြန်ပြီးလက်ခံပါ"

ကိုကို၏အသံမှာ ငိုသံပါလာသည်။ ခင်ခင်ကြီးသည် မျက်ရည်ကို မချုပ်တည်းနိုင်တော့။ ပိုးပိုးပေါက်ပေါက်ကျလာသည်။

“ကိုကို့ကို လက်ခံလိုက်ပါ ဖေဖေရယ်။ သနားပါတယ်” ဆိုမိသည်။

“ဟုတ်ပါတယ် မောင်အောင်ခန့်။ သူ့အမှားကို မြင်ပါပြီလို့ ဆိုနေပြီပဲ။ ဝန်ခံနေပြီပဲ။ လက်ခံလိုက်ပါကွယ်”

ဘွားဘွားလည်း မနေသာတော့ဘဲ ဝင်ရောက်တောင်းပန်သည်။ ဖေဖေသည် ငြိမ်သက်စဉ်းစားနေသည်။ တွေတွေဝေဝေ ဖြစ်နေပုံရသည်။

ဆက်လက်ဖော်ပြပါမည်။

မိမိနှင့် မောင်မောင်ဦးတို့ကိစ္စကို ဖေဖေ့အား ဖွင့်ပြော၍ မည်သည့်အခါမျှ ဖြစ်နိုင်မည်မဟုတ်ကြောင်း တွေးမိသည်။ ပြီးလျှင် မောင်မောင်ဦးကိုယူပါက ရေနံ့သာနှင့်ကင်းကွာရမည့်အဖြစ်၊ မိသားစုစာရင်းမှ အပယ်အဖျက်ခံရမည့် အဖြစ်ကိုလည်း စဉ်းစားမိသည်။ သို့ပေမဲ့ နောက်ပိုင်း ဘာဖြစ်ဖြစ် တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ နေရ၊ ရွှေဘုံပေါ်မှာ စံရ၊ စံရ၊ ချစ်တာပဓာနဆိုမဟုတ်လား။ သည်လောကဝယ် မောင်မောင်ဦးထက် ခင်တွယ်ရမည့်အရာမရှိ။ မောင်မောင်ဦးသည်သာ မိမိအတွက် ခင်တွယ်ရာ၊ မြတ်နိုးရာဟု ခင်ခင်ကြီး ပြက်ပြက်ထင်ထင် . . .

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။

စာတည်း

ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

(ယခင်အပတ်မှအဆက်)

“အလျင်အနှေး” ဆိုတာက လျင်လျင်မြန်မြန်ပြုရတာမျိုး၊ နှေးနှေးပြုရတာမျိုးလည်းရှိတယ်။ ဒီတော့ “လျင်သင့် နှေးသင့် နှလုံးချင့်ပြီး” ပြုမူလုပ်ဆောင်ဖြေရှင်းရမယ်လို့ဆိုလိုတယ်။ တချို့ကိစ္စကို ပြုမူဆောင်ရွက်တဲ့အခါမှာ နှေးနှေးပြုသင့်ပါလျက်နဲ့ မြန်မြန်လောလောကြီး ပြုမိလို့ မှားတာတွေ ရှိတယ်။ တချို့ကိစ္စတွေကိုတော့ မြန်မြန်ပြုရမှာဖြစ်ပေမယ့် တွေဝေ ဖြည်းနှေးနေလို့ လွဲချော်တာတွေ၊ မှားယွင်းတာတွေ ဖြစ်ပြန်တယ်။ မြန်မြန်ပြုသင့်တယ်၊ နှေးနှေးပြုသင့်တယ်ဆိုတာကို အတိအကျတိုင်းတာနိုင်တဲ့ နှုန်းစံမျိုးမရှိတော့ အသိသတိ အမြော်အမြင်ကြီးစွာနဲ့ ချိန်ဆပြုမူဖို့ လိုတယ်ဆိုတာကို ရည်ညွှန်းဖော်ပြထားခြင်း ဖြစ်ပါတယ်။

“အလေးအပေါ့” ဆိုတာက အမှုကြီးငယ် အပြစ်ကြီးငယ်တွေကို မှန်မှန်ကန်ကန် စိစစ်နိုင်ပြီးတော့ အပြစ်ကြီးလေးရင် အပြစ်ကြီးလေးသလို၊ အမှုငယ်ရင် ငယ်သလို အပြစ်ပေးရတာကို ဆိုလိုတယ်။ လေးလေးနက်နက် ပြုသင့်တာကိုလေးလေးနက်နက် ပြုဖို့၊ လေးလေးနက်နက် ပြောသင့်တာကို လေးလေးနက်နက်ပြောဖို့၊ ပေါ့ပေါ့ပါးပါးလုပ်သင့်တာကို ပေါ့ပေါ့ပါးပါးလုပ်ဖို့၊ ပေါ့ပေါ့ပါးပါးပြောသင့်တာကို ပေါ့ပေါ့ပါးပါး ပြောဖို့လိုတယ်လို့လည်း အဓိပ္ပာယ်ကောက်နိုင်ပါတယ်။

“အလျော့အတင်း” ဆိုတာက တချို့ကိစ္စတွေကိုတော့ သိမ်သိမ်မွေ့မွေ့ ပျော့ပျော့ပျောင်းပျောင်းနဲ့ ခပ်လျော့လျော့ ဖြေရှင်းရပြီး တချို့ကိစ္စတွေကိုတော့ ခပ်တင်းတင်း ဖြေရှင်းရတာမျိုးလည်းရှိတယ်လို့ ဆိုလိုတယ်။ အခြေအနေတွေကို သုံးသပ်ပြီး လျော့သင့်ကလျော့၊ တင်းသင့်က တင်းရတာကို ဆိုလိုတာပဲ။ ဒီနေရာမှာ “လျော့သင့်ကလျော့၊ တင်းသင့်ကတင်း” ဆိုတာဟာ အစွန်းရောက်အောင် လျော့တာမျိုး တင်းတာမျိုးကို မဆိုလိုပါဘူး။ မချိမပြဋ္ဌိပဒါကျကျ အခြေအနေတွေကို မှန်မှန်ကန်ကန်ရှုမြင်ပြီး လုပ်သင့်သလောက် လုပ်တာ လုပ်ရမယ့် အခြေအနေမျိုးထိလုပ်တာကို ဆိုလိုတာပဲ။

“အတွင်းအပ” ဆိုတာက “ဤလိုပုဂ္ဂိုလ်မျိုးကတော့ အတွင်းလူအဖြစ် ထားသင့်ပြီး အရေးကြီးတဲ့ အတွင်းကိစ္စတွေကို ဆောင်ရွက်စေသင့်သူဖြစ်တယ်။ ထိုပုဂ္ဂိုလ်မျိုးကတော့ အပကိစ္စတွေ အတွက်လောက်သာ ဆောင်ရွက်စေသင့်သူဖြစ်တယ်” ဆိုတာကို ခွဲခြားသိဖို့လိုအပ်တယ်လို့ဆိုလိုပါတယ်။ ပြီးတော့ ဘယ်အလုပ်ကတော့ အရေးကြီးတယ်၊ ဘယ်အလုပ်ကတော့ အရေးမကြီးဘူး။ ဘယ်အချက်ကတော့ ပဓာနဖြစ်တယ်၊ ဘယ်အချက်ကတော့ သာမညဖြစ်တယ်ဆိုတာ ခွဲခြားသိမြင်ဖို့လိုတယ်လို့လည်း အဓိပ္ပာယ်ကောက်နိုင်ပါတယ်။

“အဆအမှန်” ဆိုတာကတော့ ဘယ်နေရာဘယ် အမှုကိစ္စမှာမဆို အမှန်တရားနဲ့ အဖြစ်နိုင်ဆုံး မလွဲချော်အောင် တွေးဆပြီး ဆုံးဖြတ်ပြုမူနိုင်ဖို့လိုတယ်လို့ ဆိုလိုရာရောက်တယ် ထင်ပါတယ်။ အနာဂတ်မှာ သက်ရောက်လာနိုင်တဲ့၊ ဖြစ်လာနိုင်တဲ့အခြေအနေတွေကိုကြိုတင်တွေးဆဖို့၊ မသိသေးတဲ့အရာ၊ မဖြစ်သေးတဲ့အခြေအနေကို မြော်မြင်တွေးဆဖို့ လိုတယ်လို့လည်း အဓိပ္ပာယ်ယူလိုက ယူနိုင်ကောင်းပါတယ်။

ဖော်ပြခဲ့တဲ့အတိုင်း အခြေအနေ အခြင်းအရာတွေကို ဘက်စုံကနေ ရှုမြင်နိုင်တဲ့ အသိပညာရှိဖို့၊ သက်ရောက်လာမယ့် မလိုလားအပ်တာတွေကို ရှောင်ရှားနိုင်၊ လွှဲဖယ်နိုင်ဖို့လိုတယ်ဆိုတာ သတိပြုစေချင်တယ်တဲ့။

အခြေအနေတွေကို သုံးသပ်ပြီး မချိမပြဋ္ဌိပဒါကျကျ ပြုမူဆောင်ရွက်နိုင်ဖို့၊ ဖြေရှင်းနိုင်ဖို့ အရေးကြီးတယ်ဆိုတာကိုလည်း ထပ်ပြီးဆရာတော်က

“မပေါ့မလေး၊ မနှေးမလျင်၊ ရွှေချိန်ခွင်သို့၊ မတင်းမလျော့၊ လေဖောင်ဖော့သို့၊ မလျော့ပညာ၊ တံငါ လုလင်မျှားကြိုးငင်သို့”လို့ ဥပမာတွေနဲ့ဖော်ပြထားသေးတယ်။

“ရွှေချိန်ခွင်နဲ့ရွှေကို အပိုအလျော့မရှိရအောင် ချိန်သလိုပဲ ပြုမူလုပ်ဆောင်ရာမှာ မနှေးလွန်း မမြန်လွန်း ဆောင်ရွက်ရမယ်။ လေမှာဖော့ဝါးချည်တဲ့ အခါမှာ နှစ်ဖက်အနည်းအများမျှပြီး ချည်မှလေဟာဖြောင့်ဖြောင့်သွားနိုင်တယ်၊ ဒီနည်းတူ ပြုမူလုပ်ဆောင်မှုတွေကိုလည်း မတင်းလွန်း မလျော့လွန်း ပြုမူလုပ်ဆောင်မှ လိုရာပြီးမြောက်နိုင်မယ်၊ တံငါသည်ဟာငါးမျှားကြိုးကို ငင်တဲ့အခါမှာ ဖြည်းဖြည်းနှေးနှေး ငင်ရင်လည်း ကြိုးလျော့တဲ့အတွက် ငါးလွတ်နိုင်တယ်၊ မြန်မြန်ကြီးငင်တော့လည်း ကြိုးပြတ်နိုင်တယ်။ မနှေးမလျင် ငင်မှ ငါးကိုရတာလိုပဲ၊ လူမှုရေးရာပြုမူလုပ်ဆောင်ချက်တွေမှာလည်း အသိပညာနဲ့ အစွန်းရောက်တဲ့ အပြုအမူလုပ်ဆောင်ချက်တွေဖြစ်မသွားအောင် သတိထားရမယ်။ ဒါမှ လိုရာပြီးမြောက်နိုင်မယ်” လို့ ဆိုလိုတာပဲ။

လူမှာ “အတွေးအမြင် အဆင်ခြင် အစရှိတဲ့ အသိပညာရှိဖို့ လိုအပ်တယ်” လို့ သတိပေးကြတဲ့ ပညာရှင်တွေကို ကျေးဇူးတင်မိပါတယ်။ ဘာကြောင့် ဆိုတော့ ကျွန်တော်တို့မှာ အမြဲပဲသတိတရားဟာ ပိုတယ်ရယ်မရှိဘဲ လို၍လို၍ နေတတ်လွန်းတဲ့အတွက် ဖြစ်ပါတယ်။ ဒီတော့ ကောင်းတာဖြစ်စေချင်လို့ သတိပေးတဲ့ပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ရမှာပါပဲ။ ဒီသတိပေးချက်တွေ၊ ဒီသတိပေးချက်တွေကြောင့် မိမိ ကိုယ်တိုင်ကပါ စိုက်ထုတ်လာတဲ့ အတွေးအမြင် အဆင်ခြင်နဲ့ သတိထားမှုတွေဟာ ကျွန်တော်တို့ လျှောက်လှမ်းမယ့် ဘဝလမ်းအတွက် သီအိုရီလမ်းညွှန် သဘောတရားတွေဖြစ်လာနိုင်ပါတယ်။ ညှိထွန်းသွားအပ်တဲ့ မီးရှူးတန်ဆောင်သဖွယ်လည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီသီအိုရီ ဒီသဘောတရားတွေရှိရုံမျှနဲ့တော့ ကျွန်တော်တို့ခရီးမှာ အဆင်ပြေတာတွေ၊ အောင်မြင်တာတွေ၊ ပြဿနာဟူသမျှကိုဖြေရှင်းနိုင်တာတွေကိုသာ ကြုံတွေ့ရမှာပဲလို့ တော့မဆိုနိုင်သေးပါဘူး။ ဘာလို့လဲဆိုတော့ မရောက်သေးတဲ့ ရှေ့ခရီးမှာ ဘာတွေတွေ့ကြုံရဦးမယ်ဆိုတာကို ဒီသီအိုရီတွေနဲ့ အတိအကျ မသိနိုင်လို့ပါပဲ။ ဒီတော့ ရှေ့မှာလည်း မှားတာတွေ၊ ချွတ်ချော်တိမ်းပါးတာတွေ၊ မျှော်လင့်ချက်နဲ့ လွဲချော်သွားတာတွေဖြစ်ဦးမှာပါပဲ။ ဒုက္ခဖြစ်စရာတွေ ရှိလာဦးမှာပါပဲ။ ဒါကြောင့် ထင်ပါတယ်။ အရှေ့တိုင်းက တချို့သော ပုဂ္ဂိုလ်တွေဟာ ဆင်ခြင်ဉာဏ်၊ သီအိုရီဉာဏ် Reason and Intellect တွေထက် ကျော်လွန်တဲ့ တိုက်ရိုက်ထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ် Intuition or Intuitive Knowledge ကို ရဖို့ ကြိုးပမ်းအားထုတ်သူတွေရှိကြပါတယ်။ ရှေ့အနာဂတ်မှာ ဘာဖြစ်လိမ့်မလဲ ဆိုတာကို ဆင်ခြင်တွေးဆမနေရတော့ဘဲ အနာဂတ်ကို တစ်ခါတည်း တိုက်ရိုက်-တည့်တည့်မှန်မှန်ကြီး မြင်နိုင်တဲ့ဉာဏ်မျိုးရဖို့ မျှော်လင့်ပြီး အားထုတ်ကြတာပါပဲ။ ဒါပေမဲ့ ဒီလိုဉာဏ်ရတဲ့သူမျိုးကို တိတိကျကျတော့ မတွေ့ဖူးသေးပါဘူး။ သိပ္ပံပညာရှင်အချို့ ဟာလည်း စက်ကိရိယာတို့ရဲ့အကူအညီနဲ့ အနာဂတ်အကြောင်း အတိအကျပြောနိုင်ဖို့ ကြိုးစားကြတာပါပဲ။ ဒါပေမယ့်...လူ့ဘဝ လူ့ခရီးမှာ ဘာတွေကို ကြုံတွေ့လာနိုင်တယ်၊ ဒီလို ကြုံတွေ့လာရင် ဘယ်လို ရှောင်ရမယ်ဆိုတာတွေကို အတိအကျ ကြိုတင် မပြောနိုင်သေးပါဘူး။

ဒီတော့ ဆင်ခြင်ဉာဏ်၊ အသိပညာကိုပဲ လောလောဆယ်မှာတော့ အားကိုးပြုရင်း သတိဝီရိယနဲ့ စူးစမ်းချင့်ချိန်ပြီး လျှောက်ရမှာပါပဲ။ လူ့ပြဿနာတွေနဲ့ ကြုံလာတဲ့အခါလည်း အသိသတိတွေနဲ့ ချင့်ချိန်ပြီး ဖြေရှင်းရမှာပါပဲ။ မှားတာတွေ၊ ဖြစ်ချင်သလို မဖြစ်တာတွေလည်းရှိမှာပါပဲ။ မှားတာတွေဖြစ်ချင်သလို မဖြစ်တာတွေကြောင့် ဒုက္ခဝေဒနာ အထွေထွေကိုလည်း ကြုံရ၊ ခံစားရဦးမှာပါပဲ။ ဒါပေမဲ့ မှားတဲ့အတွက်၊ မျှော်လင့်သလိုမဖြစ်တဲ့အတွက်တွေ၊ ဝေခြင်းအမျိုးမျိုးနဲ့ ကိုယ့်ရှေ့ဘဝခရီးစဉ်ကြီးကို ဝိုးတဝါးမြင်ပြီး စိတ်ဓာတ်တော့ ကျမနေသင့်ဘူးလို့ ထင်ပါတယ်။ မှားတာတွေ၊ ချွတ်ချော်မိတာတွေကိုပဲ သင်ခန်းစာယူပြီး အားမာန်တင်းရင်း ရှေ့ခရီးကို ဆက်ကြပါစို့လို့ ခရီးသွားအချင်းချင်းအားပေးချင်တာပါပဲ။

စာရေးဆရာ နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်းစာအုပ်မှ စာရေးသူ မိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

သင့်အလုပ်ကို တိတိကျကျ အစီအစဉ်ချပါ

အောင်မြတ်စည်သူ

ကျွန်တော်တို့သည် လတ်တလောတွင် ဘဝတိုးတက်ရေးအတွက် လမ်းသစ်မစသာအောင် လွန်စွာစိတ်ဓာတ်ကျနေသည်ဟု ထင်ကောင်းထင်ပေမည်။ သို့မဟုတ် အလွန်ဒေါသထွက်ကောင်း ထွက်နေနိုင်သည်။ သို့မဟုတ် တချို့ပြဿနာများနှင့်ပတ်သက်၍ ကျွန်တော်တို့ အလွန် စိတ်ကယောက်ကယက် ဖြစ်နေနိုင်သည်။

သို့သော် ယင်းသည် ဘဝ၏အထူးခြားဆုံးနိယာမများကို ဆည်းပူးရန် အကောင်းဆုံးအချိန်ပင်ဖြစ်သည်ဟု နပိုလီယံဟီးလ်က ဆိုသည်။

“ပူဆွေးသောကနှင့် စိတ်ဓာတ်ကျစရာအခြေအနေများကို မလွဲမသွေ အောင်နိုင်သော နည်းတစ်နည်းရှိသည်။ ထိုနည်းကား အတိအကျစီစဉ်ထားသောအလုပ်ဖြင့် ခံစားချက်ပိုင်းဆိုင်ရာ အဆင်မပြေမှုများကို အသွင်ပြောင်းမှုပင်ဖြစ်သည်”။

ကျွန်တော်တို့ဖြစ်လိုသည့်မူကို ခံယူရရှိပြီးနောက်၌ ထိုလမ်းကြောတွင် ပြုရမည့်နောက်တစ်လှမ်းကား အလုပ်အတိအကျ စီစဉ်ထားရန်ပင်ဖြစ်သည်။ တိကျစွာစီစဉ်ထားသောအလုပ်သည် ရည်ရွယ်ချက်စွမ်းအားပြည့်ဝစေသည်။ တိကျစွာစီစဉ်ထားသောအလုပ်မရှိပါလျှင် ကျွန်တော်တို့သည် ရည်ရွယ်ချက်ချို့တဲ့သော ကသောင်းကနင်း အခြေအနေမျိုး ခံစားရမည်။ ရည်သန်မှု ကင်းမဲ့နေမည်။ ကျွန်တော်တို့ ဘယ်သွားနေမှန်းမသိ သို့မဟုတ် ဘာလုပ်နေမှန်းမသိ ဖြစ်မည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက အချိန်စီမံခန့်ခွဲရေး ကုမ္ပဏီတစ်ခု၌ ကျွန်တော်သင်တန်းနည်းပြအဖြစ် ဆောင်ရွက်နေစဉ်ကာလတွင် ကျွန်တော်တို့သည် စီးပွားရေးလုပ်ငန်းရှင်များကိုသာ ယင်းတို့လုပ်ငန်းခွင်အချိန်ကို အပြည့်အဝ အသုံးချနည်း သင်ကြားပေးခဲ့သည်။ အဓိကစိတ်ကူးမှာ ဤသို့ဖြစ်သည်။ တစ်နာရီစာ ကြိုတင်စီစဉ်မှုသည် သုံးနာရီစာ

လက်တွေ့ဆောင်ရွက်မှုကို သက်သာစေသည်။

သို့သော် ကျွန်တော်တို့အများစုသည် ထိုတစ်နာရီစာ စီစဉ်မှုပြုရန် အချိန်ရှိသည်ဟု မထင်တတ်ကြချေ။ ကျွန်တော်တို့သည် (ကြိုတင်ပြင်ဆင်မှုကင်းမဲ့ခဲ့သောကြောင့်) ဖြစ်ထွန်းလာခဲ့သော မနေ့က ပြဿနာများကို ရှင်းလင်းနေရသည်နှင့် အလုပ်များနေသည်။ ကြိုတင်စီစဉ်ခြင်းသည် ကျွန်တော်တို့အသုံးပြုသော အကျိုးအရှိဆုံးနာရီဖြစ်မည်ဖြစ်ကြောင်း မမြင်ကြချေ။ ထိုအစား ကျွန်တော်တို့သည် လုပ်ငန်းခွင်ထဲသို့ အမှတ်တမဲ့ ယောင်တောင်ပေါင်တောင် ဝင်ရောက်သွားပြီး ပြဿနာများကို လိုက်လျောညီထွေ တန်ပြန်လေ့ရှိသည်။ (ထိုပြဿနာအများစုမှာလည်း ကြိုတင်ပြင်ဆင်မှုပြုရန် ပျက်ကွက်၍ ပေါ်ပေါက်လာရသည့် အကျိုးရလဒ်များပင်ဖြစ်သည်။)

ဂရုတစိုက်စီစဉ်ထားသော အစည်းအဝေးတစ်ခုသည် အစီအစဉ်မရှိလက်သင့်သလို တင်ပြဆွေးနွေးနေသော အစည်းအဝေးထက် အချိန်သုံးပုံတစ်ပုံ သက်သာသည်။ ဂရုတစိုက် စီစဉ်ထားသော တစ်နေ့တာသည် ကြိုတင်စီစဉ်ထားခြင်းကင်းစွာ လက်သင့်သလို လုပ်ကိုင်သွားသော တစ်နေ့တာထက် အချိန် သုံးပုံနှစ်ပုံသက်သာသည်။

ကျွန်တော့်မိတ်ဆွေ ကရစ်ခ်နယ်ဆင်သည် ရေဒီယိုအသံလွှင့်ဌာနကြီးတစ်ခုတွင် အရောင်းဝန်ထမ်းအင်အား တစ်အုံတစ်မကြီးကို စီမံခန့်ခွဲမှုပြုသည်။ တိကျစွာကြိုတင်စီစဉ်ထားသောအလုပ်၏ နိယာမကို သူမတွေ့မသိသေးသည်အထိ သူဘာဝအောင်မြင်မှုမှာ အထိုက်အလျောက်သာ ရှိခဲ့သည်။ ယခုမူ သူသည် သီတင်းပတ်အကုန် စနေ၊ တနင်္ဂနွေရက်များတွင်မှ အချိန်ကုန်ခံပြီး အလည်အပတ်အတွက် လုပ်ငန်းအစီအစဉ်များကို ကွန်ပျူတာဖြင့် ချမှတ်လေ့ရှိသည်။

“ကျွန်တော့်အတွက် အတော်ကြီး အပြောင်းအလဲ ဖြစ်သွားခဲ့တယ်။ ကျွန်တော် အလုပ်သုံးဆ ပိုလုပ်ဖြစ်တာ မကသေးဘူး။ အလုပ်ကို နိုင်နိုင်နင်းနင်းရှိတယ်လို့လည်း ခံစားရတယ်။ သီတင်းပတ်ဟာ ကိုယ့်သီတင်းပတ်လို့ ခံစားရတယ်။ အလုပ်က ကိုယ့်အလုပ်လို့ ခံစားရတယ်။ ကျွန်တော့် ဘဝကို ကျွန်တော့်ဘဝလို့ ခံစားရတယ်” ဟု သူကဆိုသည်။

တိကျပြတ်သားသောရည်မှန်းချက်ဖြင့် အလုပ်လုပ်နေခိုက် တစ်ချိန်တည်းမှာပင် စိတ်ဓာတ်ကျနေ၍မရနိုင်ချေ။ သေချာစီစဉ်ထားသောအလုပ်သည် သင့်ကို အလုပ်ပိုလုပ်သည့်တိုင်အောင်ပင် စိုးရိမ်စိတ်နည်းပါးအောင် လှုံ့ဆော်ပေးလိမ့်မည်။

(Ref: Specifically plan your work by Steve Chandler)

ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

စိတ်စွမ်းအား

"မိမိတို့ရဲ့ ကိုယ်ပိုင်တန်ခိုးအင်အား စွမ်းပကားဆိုတာ အထိန်းအကွပ်ပါတဲ့ ညွှန်ကြားဦးဆောင်နိုင်မှုနှင့် အသုံးပြုရမှာဖြစ်ပါတယ်"

နပိုလီယံဟီးလ်
အမေရိကန်စာရေးဆရာ

ဘဝအောင်မြင်ရေးနှင့် ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းက မျှော်လင့်ချက်ထားကာ ကြိုးစားနေကြခြင်းဖြစ်သည်။ အဆိုပါ လူတိုင်းလူတိုင်းဟူသည် ဆယ်ကျော်သက် လူငယ်လူရွယ်များနှင့် အသက်အရွယ် ကြီးရင့်သူများလည်း ပါဝင်သည်။

ယင်းတို့၏ တူညီသည့်ဆန္ဒက ကြီးပွားချမ်းသာရေးပင်။

သက်ရှိလူသားအရွယ် အမျိုးမျိုးက ဘဝမှာအောင်မြင်ပြီး ကြီးပွားချမ်းသာလိုကြသည်။

သို့ဖြစ်၍ ကြီးပွားချမ်းသာရေးနှင့် ဘဝအောင်မြင်ရေး ဟောပြောပွဲများ၊ ကြီးပွားချမ်းသာရေးနှင့် ဘဝအောင်မြင်ရေးစာအုပ်များကို တစ်ကမ္ဘာလုံးရှိ လူသားများက အထူးတလည် စိတ်ဝင်စားလျက်ရှိသည်။

ကမ္ဘာ့လူသားတိုင်းက ကြီးပွားချမ်းသာမှုကို တပ်မက်ကြသည်။

ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာနိုင်မှုရရှိရေးအတွက် တစိုက်မတ်မတ် ကြိုးစားလုပ်ဆောင်နေကြခြင်းဖြစ်သည်။

မချမ်းသာချင်သောသူဟူ၍ မရှိ။

မအောင်မြင်ချင်သောသူဟူ၍ မရှိ။

မကြီးပွားချင်သောသူဟူ၍ မရှိချေ။

အောင်မြင်မှုနှင့် ကြီးပွားချမ်းသာမှု ရရှိရေးနောက်သို့ တကောက်ကောက် လိုက်ကြရင်းဖြင့် အချိန်ကုန် လူပန်းဖြစ်ပြီး အသက်အရွယ်ကြီးရင့်လာသူများ ရှိသကဲ့သို့ ကာလတစ်ခုအတွင်း အောင်မြင်မှုရရှိကာ ကြီးပွားချမ်းသာလာကြသူများလည်းရှိသည်။

ဤသည်မှာ အဆန်းမဟုတ်။

လောကနိယာမ တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်သောကြောင့် ကမ္ဘာပေါ်တွင် ကြီးပွားချမ်းသာလိုသော လူတိုင်းလူတိုင်း ကြီးပွားချမ်းသာရေး နည်းလမ်းများကို ကြိုးစား ရှာဖွေနေကြခြင်းဖြစ်သည်။ ဥဏ္ဍာစွမ်း၊ ကိုယ်စွမ်းရှိသမျှအသုံးချကာ နည်းအမျိုးမျိုးဖြင့် ကြိုးစားအားထုတ်နေကြသည်။

သို့တိုင် လူတချို့သာ ကြီးပွားချမ်းသာခွင့်ရရှိကြသည်။

ယင်းတို့မှာ ဘဝအောင်မြင်ရေး၊ ကြီးပွားချမ်းသာရေး နည်းဗျူဟာများကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံကြိုးစား လုပ်ဆောင်ကြသူများပင် ဖြစ်သည်။

ကြီးပွားချမ်းသာရန် သေချာသော နည်းလမ်း၏ အဓိကသော့ချက် ကိုးခုတွင် ဒုတိယအချက်၌ ဇွဲ၊ လုံ့လရှိပါ။ စည်းကမ်းရှိပါ။ ကတိသစ္စာတည်ပါစေဟု ဖော်ပြထားသည်။

သို့ဖြစ်၍ ကြီးပွားချမ်းသာလိုသော လူငယ်လူရွယ်များနှင့် ကြီးပွားချမ်းသာလိုသော လူတိုင်းသည် ဇွဲရှိရမည်။ လုံ့လ

ရှိရမည်။ စည်းကမ်းရှိရမည်။ ကတိသစ္စာတည်ကြည်မှုရှိရမည် ဟူသည်တို့ကို စိတ်ထဲ နှလုံးထဲမှာ ထာဝရမမေ့မလျော့ ရှိနေပြီး မဖြစ်မနေ စနစ်တကျလိုက်နာ ဖော်ဆောင်ရမည်လည်း ဖြစ်မည်။

ယင်းတို့ကို မမေ့မလျော့ နှလုံးသွင်းနိုင်ရန်မှာ ကိုယ်ပိုင်စိတ်စွမ်းအားရှိရမည် ဖြစ်ပြီး ကိုယ်တိုင်လည်း စည်းကမ်းသေဝပ်မှုရှိရန် လိုအပ်သည်။

စိတ်စွမ်းအားနှင့်ပတ်သက်၍ မိမိစိတ်ကို စိုးမိုးနိုင်နင်းရန် လုပ်ဆောင်ရမည့် နည်းများကိုကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ထရူးကာနယ်ဂျီက ပြောဖူးသည်။

"ကိုယ်တိုင် စည်းကမ်းသေဝပ်မှုဆိုတာ မိမိရဲ့ကြံစည်စိတ်ကူးမှုကို နိုင်ခြင်းမှ အစပြုတယ်။ ကြံစည် စိတ်ကူးမှုကို မနိုင်နင်းပါလျှင် လုပ်ဆောင်မှုအပေါ်မှာ နိုင်နင်းမှုမရှိနိုင်ပါဘူး"

"ကိုယ်တိုင် စည်းကမ်းသေဝပ်မှုရှိတဲ့သူဆိုတာ စိတ်ရဲ့အဓိကလှုပ်ရှားမှု ၁၄ ခုကို အပြည့်အဝ ထိန်းချုပ်ကွပ်ကဲမှု ပြုနိုင်တယ်"ဟူ၍ဖြစ်သည်။

အဆိုပါ ကမ္ဘာကျော်သံမဏိသူဌေးကြီး ကပင် စိတ်၏အဓိကလှုပ်ရှားမှု ၁၄ ခုနှင့် ပတ်သက်၍ ခွဲခြမ်းဟူ၍ ဖြစ်သည်။

အဆိုပါကမ္ဘာကျော်သံမဏိသူဌေးကြီး ကပင် စိတ်၏အဓိကလှုပ်ရှားမှု ၁၄ ခုနှင့် ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာရာတွင် အပြုစိတ် ခုနစ်မျိုးနှင့် အဖျက်စိတ် ခုနစ်မျိုးတို့ကို တစ်ခုချင်းပြောကြားထားသည်။ ယင်းတို့မှာ-

အပြုစိတ်ထား(၇)မျိုး၏လှုပ်ရှားမှု

၁။ ချစ်ခြင်းမေတ္တာ
၂။ လိုင်ကိစ္စ
၃။ မျှော်လင့်ခြင်း
၄။ ယုံကြည်မှု
၅။ စိတ်အားထက်သန်ခြင်းနှင့် အကောင်းမြင်ဝါဒ
၆။ သစ္စာရှိခြင်း
၇။ တောင့်တသောဆန္ဒတို့ဖြစ်ပြီး

အဖျက်စိတ်ထား(၇)မျိုး၏လှုပ်ရှားမှု

၁။ ကြောက်ရွံ့ခြင်း
၂။ ငြူစူခြင်း
၃။ မုန်းတီးခြင်း
၄။ လက်စားချေလိုခြင်းနှင့် အာဃာတထားခြင်း
၅။ လောဘကြီးခြင်း
၆။ ဒေါသအမျက်
၇။ အယူသီးခြင်းတို့ ဖြစ်ကြသည်။

ယင်းအချက် ၁၄ ခုသည် ကြီးပွားချမ်းသာမှုရရှိရေးအတွက် ကြိုးစားရာတွင် စိတ်စွမ်းအားကို ထိန်းချုပ်ကွက်ကဲနိုင်မှုအပေါ်မူတည်ပြီး အပြုစိတ်ကိုဖော်ကျူးကာ အဖျက်စိတ်ကို ချိုးနှိမ်နိုင်မှာဖြစ်ကြောင်း အဓိကဆက်နွယ်မှုများကို ဖော်ပြထားခြင်းလည်းဖြစ်သည်။

ထို့ကြောင့် ကိုယ်ပိုင်စိတ်စွမ်းအားကို နိုင်နိုင်နင်းနင်းအသုံးချကာ ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားရမည်။

သို့မှသာ ကြီးပွားချမ်းသာမှုကို ရရှိလာပေမည်။

ထို့ကြောင့် စိတ်စွမ်းအားကား အရေးပါလှသည်။

စိတ်ကိုနိုင်နင်းမှုရှိပါစေ။ စိတ်ဓာတ်ခိုင်မာမှုရှိပါစေ။

"မိမိတို့ရဲ့ တန်ခိုးအင်အားစွမ်းပကား ဆိုတာ အထိန်းအကွပ်ပါတဲ့ ညွှန်ကြားဦးဆောင်နိုင်မှုနှင့် အသုံးပြုရမှာ ဖြစ်ပါတယ်"ဟု အမေရိကန်စာရေးဆရာ နပိုလီယံဟီးလ်ကလည်း အခိုင်အမာ ပြောထားသည်။ ။

ဘဝအောင်မြင်ရေးလမ်းညွှန်

ကောင်းပြည့်စုံ

စွဲမြဲမှု

"အောင်မြင်ခြင်းဟူသည် စွဲမြဲသောသူ၏အလုပ်သာ ဖြစ်လေသည်"ဟု ကမ္ဘာကျော်နပိုလီယံက ဆိုခဲ့လေသည်။

အများအားဖြင့် လူတို့သည် အလုပ်တစ်ခုခုကိုလုပ်ရာ၌ စွဲစွဲမြဲမြဲ မရှိလှချေ။

အထူးသဖြင့် အရာရာကိုအလေးအနက်မထားဘဲ ပေါ့ပေါ့နေ၍ ပေါ့ပေါ့စားတတ်သောသူများအား "ကောက်ရိုးမီးပမာ" ပြုကျင့်တတ်သူများ"ဟု ဆိုတတ်ကြလေသည်။

"စွဲမြဲမှု" ဖြင့် ဆောင်ရွက်သည်ဆိုရာတွင်ဇွဲရှိမှု၊ ခံနိုင်ရည်ရှိမှု၊ တစိုက်မတ်မတ်ဆောင်ရွက်တတ်မှုများလည်း အကျုံးဝင်သွားပြီဖြစ်သည်။

"အလောင်းတော်သိဒ္ဓတ္ထ"ကိုပင် သာဓကဆောင်ပါဦးမည်။ ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်နှင့်အညီ "ဗုဒ္ဓ၏ဖြစ်စဉ်တော်"များကို သိထားပြီးဖြစ်၍ ပိုမိုသဘောပေါက်နိုင်မည်ဟု ယူဆမိသောကြောင့် ဖြစ်ပါသည်။

သူဌေးလေးသုမေဓာဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရားထံမှ ဗျာဒိတ်ကိုခံယူရသည်။

"ပညာဓိက"ဘုရားလောင်းဖြစ်၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီတော်(၁၀)ပါးကို ကျင့်ခဲ့ရသည်။ ထိုကာလသည် အလွန်ရှည်လျားသော အချိန်ဖြစ်၏။ အလွယ်မှတ်သားနိုင်ရန် "နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်"ဟု ဆိုစမှတ်ပြုထားသည်။

အလောင်းတော်သည် ဘဝအထွေထွေ၊ ကမ္ဘာအရပ်ရပ်တွင် ကျင်လည်ခဲ့ရသော်လည်း "သဗ္ဗညုတဉာဏ်တော်"ရရှိပြီး ဘုရားဖြစ်ရေး သည်သာ နေ့နေ့ညည စွဲလမ်းနေသည်။

ပါရမီ(၁၀)ပါးကို စွဲစွဲမြဲမြဲကျင့်သည်။ သီလကို စောင့်ထိန်းသည်။ မကောင်းမှုဟူသမျှကိုရှောင်သည်။ ဇာတကအသီးသီးတွင် အလောင်းတော်၏ ဇွဲရှိမှုနှင့် စွဲမြဲမှုတို့ကိုတွေ့ရမည်ဖြစ်သည်။

"သဗ္ဗညုတဉာဏ်တော်"ရရှိရေးအတွက်သာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။

"တေမိယ"မင်းသားဘဝတွင် နည်းအမျိုးမျိုးဖြင့် အလိုဆန်းရာ၌ "သည်းခံလော့တေမိယ၊ အလွန်ကောင်းသော အမြိုက်နိဗ္ဗာန်သို့ ရောက်လိုပါက လက်တလောခံစားနေရသော အခက်အခဲများကို ကျော်ဖြတ်ရပေမည်" ဟု ဆင်ခြင်ပြီး အခက်အခဲများကို ကြံ့ကြံ့ခံခဲ့လေသည်။

ထိုနည်းတူစွာပင် ယနေ့အောင်မြင်နေသော ပုဂ္ဂိုလ်အသီးသီးသည် ဤသို့သော "အဆင့်" ကို ရရှိရန် စွဲမြဲစွာ ကြိုးစားခဲ့ရပေသည်။

အလွန်မြင့်မားသောတောင်ကြီးကို တပင်တပန်း၊ တန္မမ်းဟိုက်ဟိုက်၊ တရှိုက်မက်မက်တက်ခဲ့ရသောသူအား တောင်ထိပ်ပေါ်ရောက်နေသဖြင့် ချီးမွမ်းဖွယ်ဖြစ်သော်လည်း သူသည် တောင်ခြေရင်းမှအစပြု၍ စွဲမြဲစွာ တက်လှမ်းခဲ့ရသည်ကို သတိပြုမိလိုက်သောအခါ ပိုမိုလေးစားစရာကောင်းတော့သည်။

ထို့အတူပင် ယနေ့ "မထေရ်မြတ်ဘုန်းတော်ကြီး" ဖြစ်နေသော ရဟန်းသည် တစ်ချိန်က ရှင်သာမဏေကလေးသာ ဖြစ်သည်ကို လည်းကောင်း၊ ယနေ့စာပေလောကတွင် နေရာယူထားကြသော စာပေပညာရှင်များသည် တစ်ချိန်က "တစ်"မှ စခဲ့ရသည်ကိုလည်းကောင်း၊ ယနေ့နာမည်ကျော်ကြားပြီး "မိတ္တဗလဋ္ဌိကာ၊ သောကကင်းဝေး နေနိုင်ရေး၊ တစ်မိနစ်အတ္ထုပ္ပတ္တိများ၊ သူများမသိသောလင်ကွန်း" စသော စာအုပ်များကို ရေးခဲ့သူ ဒေးကာလ်နက်ဂျီသည် တစ်ချိန်က ဝတ်စရာပင် မရှိသော သူဆင်းရဲဖြစ်ခဲ့သည်။

ထိုသူအသီးသီးတို့သည် မည်မျှဆင်းရဲသော်လည်း "တစ်နေ့သော် ကြီးပွားရမည်"ဟူသော စိတ်ထားဖြင့် ကြီးပွားရာကြီးပွားကြောင်းကို နေ့စဉ်နှင့်အမျှ စွဲစွဲမြဲမြဲကျင့်ဆောင်ခဲ့လေသည်။

အလောင်းတော်၏ "ရင့်မှာတစ်ကျိပ်"ရှိ ဇာတကများတွင် အတိအကျ ရေးမှတ်ထားသော်လည်း ပါဠိဘာသာဖြင့် မော်ကွန်းတင်ထားသည်ဖြစ်၍ လူအများလေ့လာဖတ်ရှုခွင့်မရ။

ထို "ဟာကွက်" ကို ငါဖြည့်ဆဲ့။ အလောင်းတော်၏ဖြစ်စဉ်တော်များကို စာဖတ်သောသူတိုင်းသိစေအံ့ဟူသော စွဲမြဲသည့်စိတ်ထားဖြင့် ဘာသာပြန်ခဲ့သူမှာ မင်းဘူဦးဩဘာသ ဖြစ်လေသည်။

ဇာတ်တော်ကြီးဝတ္ထု (၁၀)စောင်ရှိသည့်အနက် ဇာတ်တော်ရှစ်စောင်ကိုသာ ရေးသားပြီးစီးခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ "ရင့်မှာတစ်ကျိပ်"ဖြစ်စဉ်တော်ဇာတ်လမ်းများကို ပြီးစီးအောင် စွဲမြဲစွာ၊ စူးစိုက်စွာ ဘာသာပြန်ခဲ့သော်လည်း ဦးဩဘာသသည် ကျန်းမာရေးကို ဂရုမပြုခဲ့သဖြင့် အသေစောသည်ဟု ဆိုနိုင်သည်။

ကျွန်ုပ်တို့သည် ကံစိတ်ဥတုအာဟာရဖြင့် ရုပ်တည်နေရသော မိမိတို့ကိုယ်ခန္ဓာကျန်းမာရေးကို ဂရုပြုရမည်ဖြစ်သော်လည်း ကျရောက်လာသောအလုပ်တာဝန်ကို စွဲမြဲစွာဆောင်ရွက်သင့်သည်။

သို့မှသာ အောင်ပန်းသည် လက်တစ်ကမ်းအကွာမှ လက်ထဲသို့ ကြွေကျလာမည်ဖြစ်ပေ၏။ ။

သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

(ယမန်နေ့မှ အဆက်)

စစ်ကိုင်းတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

၂	Asia Energy (မုံရွာ)	၁၄၇၂	၁၃၈၀	၁၃၈၆	မန္တလေး-မုံရွာလမ်းမကြီး၊ မုံရွာတိုးဂိတ်အကျော်၊ ထနောင်းတောအုပ်စု၊ မုံရွာမြို့။
၃	Denko (မုံရွာ ၂)	၁၄၆၂	၁၃၇၀	၁၃၇၆	အမှတ်(၆၆/၁၄၉)၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်၊ သလွန်၀ဝတီဆိပ်ကမ်း၊ မုံရွာမြို့။
၄	Denko(မုံရွာ ၃)	၁၄၆၂	၁၃၇၀	၁၃၇၆	အမှတ်(၆၄၄)၊ မုံရွာ-မန္တလေးလမ်း၊ မအူကျေးရွာအုပ်စု၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၅	Denko (ရွှေဘို ၁)	၁၄၆၂	၁၃၇၀	၁၃၇၆	သူဇာရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆	Denko(အုန်းတော)	၁၄၆၂	၁၃၇၀	၁၃၇၆	ဇရပ်ကုန်းရွာ (အုန်းတောလမ်းခွဲအနီး) မန္တလေး-စစ်ကိုင်း-မုံရွာ(ရွှေဘို)လမ်းမကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး။
၇	BT-1 စက်သုံးဆီအရောင်းဆိုင်	၁၄၇၆	၁၃၈၄	၁၃၉၁	ပဂိုးကုန်းရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၈	BT-2 စက်သုံးဆီအရောင်းဆိုင်	၁၄၇၆	၁၃၈၄	၁၃၉၁	စိုင်နိုင်လေးရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဧရာဝတီတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

စဉ်	အရောင်းဆိုင်အမည်	တစ်လီတာဈေးနှုန်း			အရောင်းဆိုင်လိပ်စာ
		92 Ron	ဒီဇယ်ဆီ	Premium ဒီဇယ်ဆီ	
၁	Shwe Byain Phyu (KyoneMaNgae)	၁၄၄၂	၁၃၆၅	၁၃၇၁	မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟောမာရပ်ကွက်။
၂	Shwe Byain Phyu (ZaLonn)	၁၄၂၇	၁၃၅၀	၁၃၅၆	အဒါးလမ်းနှင့် ပုပွါးလမ်းထောင့်၊ လမ်းမတော်မြောက်ရပ်ကွက်၊ ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၃	Shwe Byain Phyu (KyanKhinn)	၁၄၄၂	၁၃၆၅	၁၃၇၁	တလိုင်းကွင်းကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၄	Shwe Byain Phyu (MyanAung)	၁၄၄၂	၁၃၆၅	၁၃၇၁	အမှတ်(၂)ရပ်ကွက်၊ စာတဲလမ်း၊ မြန်အောင်မြို့။
၅	Shwe Byain Phyu (InnGaPu)	၁၄၃၇	၁၃၆၀	၁၃၆၆	အမှတ်(၁)ရပ်ကွက်၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၆	KS(016)	၁၃၉၄	၁၃၁၉	၁၃၂၅	ဆင်တုန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၇	KS(020)	၁၃၉၄	၁၃၁၉	၁၃၂၅	မဲဇလီဒလကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၈	KS(023)	၁၃၉၄	၁၃၁၉	၁၃၂၅	ထိပ်ဝကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၉	OK Energy (Pathein)	၁၄၃၂	၁၃၅၅	၁၃၆၁	ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး။
၁၀	OK Energy (Ahthoke)	၁၄၃၂	၁၃၅၅	၁၃၆၁	ပုသိမ်-မုံရွာလမ်းမကြီးဘေး။
၁၁	OK Energy (Nyaung Tone)	၁၄၂၇	၁၃၅၀	၁၃၅၆	ရန်ကုန်-ပုသိမ် လမ်းမဘေး။
၁၂	Denko (ဓနုဖြူ ၁)	၁၄၂၇	၁၃၅၀	၁၃၅၆	အမှတ်(၁၁-၂၈) ဓနုဖြူ - ဇလွန်ကားလမ်းမကြီးဘေး၊ အုန်းပင်ကွင်းကျေးရွာအုပ်စု၊ ဓနုဖြူမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။
၁၃	Denko (ပုသိမ် ၂)	၁၄၃၂	၁၃၅၅	၁၃၆၁	အမှတ်(၃၃/ခ)၊ ကမ်းနားလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၁၄	Denko (ဓနုဖြူ ၂)	၁၄၂၇	၁၃၅၀	၁၃၅၆	အမှတ်(၂၉)၊ (၁၈)ရပ်ကွက်၊ ကျုံပျော်-ဓနုဖြူလမ်းမ၊ စိုက်ပျိုးရေးဝင်းဘေး၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၁၅	YKK - Maubin	၁၄၃၂	၁၃၅၅	၁၃၆၁	ဘုရားလမ်းနှင့်မြို့ရှောင်လမ်းထောင့်၊ (၂)ရပ်ကွက်၊ မအူပင်မြို့။
၁၆	YKK -Dedaye	၁၄၃၂	၁၃၅၅	၁၃၆၁	ဒေးဒရဲတံတားအနီး၊ ချဉ်းကပ်လမ်း၊(၂)ရပ်ကွက်၊ ဒေးဒရဲမြို့။
၁၇	MMHK - PT	၁၃၈၂	၁၃၅၄	၁၃၆၁	ကမ်းနားလမ်း၊ ရေပေါ်စျေးအနီး၊ (၂)ရပ်ကွက်၊ ပုသိမ်မြို့။
၁၈	Petro K Pathein	၁၃၈၂	၁၃၅၀	၁၃၆၀	ပုသိမ်-မုံရွာ-ရေဦးအဝေးပြေးလမ်းမကြီး။
၁၉	PT Power (ပုသိမ်)		၁၃၅၄	၁၃၆၁	ကိုးဆူကျေးရွာ၊ပုသိမ်-မုံရွာလမ်းမကြီး၊ ပုသိမ်မြို့။

ပဲခူးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

စဉ်	အရောင်းဆိုင်အမည်	တစ်လီတာဈေးနှုန်း			အရောင်းဆိုင်လိပ်စာ
		92 Ron	ဒီဇယ်ဆီ	Premium ဒီဇယ်ဆီ	
၁	MMTM - Bago	၁၄၁၂	၁၃၃၅	၁၃၄၁	ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး။
၂	Shwe Byain Phyu (MinHla)	၁၄၃၇	၁၃၆၀	၁၃၆၆	သရက်ပင်တာဆုံ၊ မင်းလှမြို့နယ်။
၃	Shwe Byain Phyu (OakPhoe)	၁၄၃၇	၁၃၆၀	၁၃၆၆	အုတ်ဖိုမြို့နယ်၊ အုတ်ဖို။
၄	Shwe Byain Phyu (LatPaTan)	၁၄၃၇	၁၃၆၀	၁၃၆၆	ကျွန်းကလေးကျေးရွာ၊ ချမ်းသာကုန်းကျေးရွာအုပ်စု၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၅	Shwe Byain Phyu (Pyay)	၁၄၄၂	၁၃၆၅	၁၃၇၁	ပြည်မြို့နယ်၊ ပြည်။
၆	Shwe Byain Phyu (PaungTaLae)	၁၄၄၂	၁၃၆၅	၁၃၇၁	ပေါင်းတလည်မြို့နယ်။
၇	KS(008)	၁၄၁၄	၁၃၃၉	၁၃၄၆	တောင်နန်းချိန်ကျေးရွာ၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၈	KS(032)	၁၃၉၄	၁၃၁၉	၁၃၂၅	မဲခုန်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးမြို့ရှောင်လမ်း။
၉	KKP Intakaw	၁၄၃၂	၁၃၅၅	၁၃၆၁	ရန်ကုန်-ပဲခူး အဝေးပြေးလမ်းမကြီး၊ အင်းတကော်မြို့နယ်။
၁၀	Yadana Petrol Station (လက်ပံတန်း)	၁၄၀၂	၁၃၇၄	၁၃၈၁	ကျွန်းကလေးကျေးရွာ၊ ချမ်းသာကုန်းကျေးရွာအုပ်စု၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၁	Yadana Petrol Station (သုံးဆယ်)	၁၄၂၂	၁၃၄၅	၁၃၅၁	ရန်ကုန်-ပြည်လမ်း၊ အရှေ့ရိုးကြီးရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၁၂	Yadana Petrol Station (သာယာဝတီ)	၁၄၂၂	၁၃၄၅	၁၃၅၁	အမှတ်(၁၀/ခ)၊ ပြည်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး။
၁၃	Yadana Petrol Station (ပေါင်းတည်)	၁၄၄၇		၁၃၇၆	အမှတ်(၃၆)၊ ဈေး(၂)ရပ်ကွက်၊ ပြည်လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၁၄	Yadana Petrol Station (ရွှေတောင်)	၁၄၄၇	၁၃၇၀	၁၃၇၆	ကြာနီကန်ရပ်ကွက်၊ ရန်ကုန်-ရွှေတောင်-ပြည်လမ်းမကြီး၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၁၅	Denko (ပြွန်တန်ဆာ)	၁၄၄၂	၁၃၆၅	၁၃၇၁	အမှတ်(၁၀/၂)၊ မြို့မ(၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၆	Denko (ကြို့ပင်ကောက်)	၁၄၄၂	၁၃၆၅	၁၃၇၁	အမှတ်(၄၉၈၂-၈၃)၊ ရန်ကုန်-ပြည်လမ်း၊ လက်ပံပင်ကျေးရွာအုပ်စု၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၇	ထက်ကေရီ-အင်းတကော်	၁၃၈၇	၀	၁၃၄၀	ရန်ကုန်-မန္တလေး လမ်းမကြီး၊ (၁၀၅)တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၈	သရဖူ-တောင်ငူ	၁၄၀၇	၁၃၅၄	၁၃၆၁	ခပေါင်းတံတားအနီး၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။
၁၉	Petro K Oktwin	၁၃၉၂	၁၃၆၀	၁၃၇၀	ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ အုတ်တွင်းမြို့နယ်။
၂၀	Petro K Yedashe	၁၃၉၂	၁၃၆၀	၁၃၇၀	ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ ရေတာရှည်မြို့နယ်။
၂၁	Petro K Shwedaung	၁၃၉၂	၁၃၆၀	၁၃၇၀	ရန်ကုန်-ပြည်အဝေးပြေးလမ်းမကြီး။
၂၂	ရွှေလီ(၀မ်းဘဲအင်း)	၁၃၈၂	၁၃၅၄	၁၃၆၁	မိုင်တိုင်(၆၄/၇)၊ ၀မ်းဘဲအင်းကျေးရွာ။

မကွေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

စဉ်	အရောင်းဆိုင်အမည်	တစ်လီတာဈေးနှုန်း			အရောင်းဆိုင်လိပ်စာ
		92 Ron	ဒီဇယ်ဆီ	Premium ဒီဇယ်ဆီ	
၁	Shwe Byain Phyu (PaKhoteKuu)	၁၄၆၂	၁၃၆၅	၁၃၇၁	ချောက်ကန်ကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။
၂	KS(025)	၁၄၁၉	၁၃၃၉	၁၃၅၁	ကသစ်ကန်ကျေးရွာ၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။
၃	KS(024)	၁၄၂၉	၁၃၄၉	၁၃၆၁	ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(ဆက်လက်ဖော်ပြပါမည်)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ်၊ ၁/သပြေကုန်း၊ မြေကွက်အမှတ်(S-၀၁၀)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဦးကျော်ကျော်၊ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးဇာခြည်ဦး၊(ဘ)ဦးအေးကို၊ ၁၂/မဘန(နိုင်)၀၈၁၅၈၉မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင်တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၂၉၁/၂၀၂၁)နှစ်ဦး သဘောတူ ကတိ ဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က)၊ နန္ဒဝန်လမ်း၊ မြေကွက်အမှတ်(၈၇/ခ)၊ အလျား(၂၀)ပေx အနံ(၆၀)ပေ၊ (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေသည် ဦးခင်မောင်ရင် အမည်ပေါက်ပိုင်ဆိုင်သည့် နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပြီး၊ ၎င်းအမည်ပေါက်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်စိန် [၁၂/တတန(နိုင်)၀၅၉၆၅၉]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေ နှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးတက်လူ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၁၉၉၅)
အမှတ်-၁၀၁/ခ၊ နန္ဒဝန်လမ်း၊ (၂၀/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊
ဖုန်း-၀၉-၄၂၁၀၅၀၀၆၃

လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗန္ဓုလ လမ်းသွယ်နေ ဒေါ်ခိုင်ဝင်းအေး[၁၂/သခန(နိုင်)၀၉၈၀၃၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာ အပ်ပါသည်။ ဦးမျိုးကျော်သူ[၁၂/သခန(နိုင်)၀၅၂၉၁၀]နှင့် ဒေါ်ခိုင်ဝင်းအေး [၁၂/သခန(နိုင်)၀၉၈၀၃၅]တို့သည် ၂၀၀၈ခုနှစ်ခန့်လောက်က တရားဝင် လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ တစ်ဦး နှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိ၍ ဆက်လက်ပေါင်းသင်း နေထိုင်ရန် မဖြစ်နိုင်သောကြောင့် အကြင်လင်မယားအဖြစ် (၁၅-၁၁-၂၀၂၀) ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးမျိုးကျော်သူ နှင့် ဒေါ်ခိုင်ဝင်းအေးတို့သည် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွယ် မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကိုကိုလွင်
အထက်တန်းရှေ့နေ(စဉ်-၅၂၃၆၈)
အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ-၂)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၉၂၃၅၆၆၆

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အလက(မူသဲ)ကျောင်း ဆဋ္ဌမတန်းမှ မောင်မင်းမြတ်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးသူရအောင် ၇/ကကန(နိုင်)၀၅၄၈၃၅ ဖြစ်ပါကြောင်း။

ဦးသူရအောင်

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အလက ညောင်ငူ မရမ်းချောင် Grade-4တွင် ပညာသင်ကြား နေသော စကောင်းထက်စံ၏ ဖခင်အမည် မှန်မှာ ဦးအောင်ကျော်ထွေး[၁၄/ဝခမ (နိုင်)၁၇၁၀၆၃]ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၁-၂၀၂၁ ရက်ထုတ် ကြေးမုံ သတင်းစာ ကြော်ငြာစာမျက်နှာ (၃၀) ကော်လံ ၁,၂ ပါ သတိပေးကြေညာချက် ကြော်ငြာတွင် တရားလွှတ်တော်ရှေ့နေ နော်မြတ်လေးနွယ် (စဉ်-၁၅၉၂၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၀-၂၀၂၁ရက်နေ့ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင် ကြောင်းကြော်ငြာအမှတ်စဉ်(၃)ဒေါ်ခင်ဇာလွင် ၏အမည်ပြောင်းတွင်မှတ်ပုံတင်အမှတ်(၁၂/ဥကတ(နိုင်)၁၅၇၄၆၄)အစား(၁၂/ဥကတ (နိုင်)၁၅၇၄၆၇)ဟုအမှန်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ အ.ထ.က(၁)၊ ဒသမတန်း(A)မှ မောင်ညိုမင်းလွင်၏ ဖခင်အမည်မှန်မှာ ဦးညီညီအောင်[၇/ဖမန(နိုင်)၀၆၁၀၃၄]ဖြစ်ပါကြောင်း။

ဦးညီညီအောင်

ကန့်ကွက်နိုင်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ သိပ္ပံလမ်း၊ (၁၀၁-A)ရှိ ခြံမြေကွက်တွင် လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်လွင်လွင်မာ [၇/ဝမန(နိုင်)၁၁၂၈၆၀](ဘ)ဦးလှဝင်းက မွေးစားမိခင် ဒေါ်သန္တာဝင်း(TDI-115401) ဂရန်အမည်ပေါက်မှ ယခုလက်ရှိပိုင်ဆိုင် နေထိုင်သူ ဒေါ်လွင်လွင်မာ အမည်ပေါက် ဖြင့် ပြောင်းလဲလျှောက်ထားမည်ဖြစ်သော ကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါ သည်။

ဒေါ်လွင်လွင်မာ
[၇/ဝမန(နိုင်)၁၁၂၈၆၀]

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ လူနေရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၅၈/စ)၊ ဧရိယာ(၂၀x၆၀)ပေ ဟုခေါ်တွင်သော အမှတ် (၁၅၈/စ)၊ ကောလိယလမ်းနှင့်ကောလိယလမ်းသွယ် (၂၅)လမ်းထောင့်၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ အိမ်မြေမြေနှင့်ဝတ်လျှော်ကြီး၏ အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ လူနေရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၅၈/စ)၊ ဧရိယာ (၂၀x၆၀)ပေ (ဒေါ်စန်းကြည်အမည်ပေါက်) ဟုခေါ်တွင်သော အမှတ် (၁၅၈/စ)၊ ကောလိယလမ်းနှင့်ကောလိယလမ်းသွယ် (၂၅)လမ်းထောင့်၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ အိမ်မြေမြေနှင့်တကွ ယင်းအိမ်မြေမြေနှင့်ဆက်စပ်လျက်ရှိသော အကျိုးစံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ဆိုင်အကျိုးစံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းပိုင် ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ချောကေခိုင် (၈/တတက (နိုင်) ၁၀၂၈၉၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဝင်းကြည် (၁၀/မလမ (နိုင်) ၀၄၈၇၈၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းပိုင်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
FUTURE BRIGHT LAW FIRM

ဒေါ်မိုးမိုးအေး — LL.B, D.B.L., D.M.L., D.I.L — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၉)
ဒေါ်မိုမိုထွင့် — LL.B, DBL, DIPL — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)
ဦးစင်ဇော် — B.Sc,PGDL,HGP,WIPO(Switzerland) — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၃၇)
ဒေါ်အီအီပြူ — LL.B,D.L.P,WIPO(Switzerland) — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၈၀)
ဒေါ်သွယ်သွယ်ပြ — LL.B — အထက်တန်းရှေ့နေ (စဉ်-၅၃၃၂၄)
ဒေါ်ခိုင်သန္တာလွင် — LL.B, DBL,MA (Business Law) — အထက်တန်းရှေ့နေ (စဉ်-၅၁၈၂၃)
ဒေါ်ယုနန္တာအောင် — LL.B — အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၈)

အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၅၃၅၈၂၇၀

အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေးရာထူး ၂၆၁ နေရာ** (လစာနှုန်း၊ ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) များအတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက် ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။
(ဃ) ၃၀ - ၁၁ - ၂၀၂၁ ရက်တွင် အသက် (၂၇) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုး ရမည်။

၃။ လျှောက်လွှာနှင့် အတူအောက်ပါအချက်များ ပါဝင်ရမည်-
(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသား ရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီးသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းရုံးခွဲ)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းရုံးခွဲ)၊ ပြည်ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး များတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာ များကို ၁၆-၁၁-၂၀၂၁ ရက်နေ့မှစတင် ထုတ်ပေးသွားမည်ဖြစ်ပြီး ၇-၁၂-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်လွှာ ရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများသို့ လိပ်မူ၍ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိ လာသောလျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက် နှင့် မကိုက်ညီသူများ၊ ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံ စဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲဖြေဆိုရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ကြော်ငြာသင်ပုန်းများနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် ကြေညာပေးထားမည်ဖြစ် ပါသည်။

၆။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ရသူများ အား တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားမည် ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲတွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်း တို့အား တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပေးသည့် စာစစ် ဌာနများတွင် ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုသူများသည် နိုင်ငံသား စိစစ်ရေးကတ်အား တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်သည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများ ကိုသာ လူတွေ့နှုတ်ဖြေ စာမေးပွဲ၊ ကွန်ပျူတာကျွမ်းကျင်မှု နှင့် စိတ်အခြေအနေ စစ်ဆေးခြင်းများကို ပြုလုပ်မည် ဖြစ်ပါသည်။ လူတွေ့ စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ စသည်တို့ကို မူရင်းတင်ပြနိုင် ရပါမည်။ လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့် အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန် ကြေညာ သွားမည် ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ရုံးအမှတ် (၂၂)၊ နေပြည်တော်] ဖုန်း - ၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့၊ စမ်းချောင်းကွက်သစ်၊ (၄)လမ်းနေ(အဖ ဦးသောင်းဌေး)၊ အမိ ဒေါ်ခင်မျိုးမြင့်တို့၏သားဖြစ်သူ မောင်ဖိုးတိမ်စွန် [၈/အလန(နိုင်)၁၄၀၄၂၂]သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက် သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးမြင့်[၈/အလန(နိုင်)၁၁၂၆၄၇]
စမ်းချောင်းကွက်သစ်၊ (၄)လမ်း၊ အောင်လံမြို့၊ သရက်ခရိုင်၊ မကွေးတိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေတိုင်း အမှတ်(သကတ-၁)၊ မြေကွက်အမှတ်(၃၅၅/က)၊ ဦးမောင်မောင် အမည်ပေါက်ဖြစ်သော မြေကွက် ပေ(၂၀x၆၀)၊ တေးဥယျာဉ်(၂)လမ်းရှိ မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်မောင်[၁၂/လသယ(နိုင်)၀၉၁၅၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရှင်းခန့်[၅/မယန(နိုင်) ၂၆၉၉၈၆]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်း ပါမစ်မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးပိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၅၈)
တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ Shop House
(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ် (၃၀၃/က)၊ မြေကွက်တည်နေရာအမှတ်(၃၀၃/က)၊ ဝေဇယန္တာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃန်းကျွန်း (ဦးတင်အေး)[၁၂/ သဃက(နိုင်)၁၄၄၇၆၅]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးတင်အေးသည် (၁၁-၆-၂၀၁၈)ရက်တွင် လည်းကောင်း၊ (ဇနီး) ဒေါ်ခင်အေးသန်းသည် (၁၄-၈-၁၉၉၆)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးအောင်ထွန်းမင်း[၁၂/သဃက(နိုင်)၀၂၃၆၈၃]က တစ်ဦးတည်းသောသားတော်စပ် ကြောင်း ကျမ်းကျိန်လွှာအမှတ်-၂/၂၉၅၇/၂၀၂၁(၂-၂-၂၁)၊ သေစာရင်းများ၊ အိမ်ထောင်စု စာရင်း၊ ဦးတင်အေးအမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော **ဒုတိယဦးစီးမှူးရာထူး ၇၅ နေရာ** (လစာနှုန်း၊ ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ် အရည်အချင်း များနှင့် ကိုက်ညီသူများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၃၀ - ၁၁ - ၂၀၂၁ ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၁ ရက်တွင် အသက် (၃၅) နှစ်ထက် မကျော် လွန်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဆ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဇ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့် အတူအောက်ပါအချက်များ ပါဝင်ရမည်-
(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၆-၁၁-၂၀၂၁ ရက်နေ့မှစတင် ထုတ်ပေးသွား မည်ဖြစ်ပြီး ၇-၁၂-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိပ်မူ၍ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာ တွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာန (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)ကို တစ်ပါတည်း ဖော်ပြပေးရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက် နှင့် မကိုက်ညီသူများ၊ ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှ တစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲဖြေဆိုရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ စာစစ်ဌာနများဖြစ်သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး [ရုံးအမှတ် (၂၂)၊ နေပြည်တော်]၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ကြော်ငြာ သင်ပုန်းနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် ကြေညာပေး ထားမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်မေးခွန်းတို့အား သတ်မှတ်ပေးသည့် စာစစ်ဌာနများတွင် ၁၉-၁၂-၂၀၂၁ ရက်နေ့ ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုသူ များသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စာမေးပွဲ၊ ကွန်ပျူတာကျွမ်းကျင်မှု နှင့် စိတ်အခြေအနေ စစ်ဆေးခြင်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်မည် ဖြစ်ပါသည်။ လူတွေ့ စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြား အောင်လက်မှတ်များ စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ လူတွေ့စစ်ဆေးမည့် နေ့ရက် နှင့် အချိန်တို့ကို UEC Website ဖြစ်သော www.uec.gov.mm တွင် ထုတ်ပြန် ကြေညာ သွားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ရုံးအမှတ် (၂၂)၊ နေပြည်တော်] ဖုန်း - ၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင် ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၁၁-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၆)တွင် တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာ ချက်တွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ် (၂၁၀)ဟုခေါ်တွင်သော အစား ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၃၁လမ်းအထက်)၊ အမှတ်(၂၁၀)ဟုခေါ်တွင်သော ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒေါ်နီနီဝင်း
အထက်တန်းရှေ့နေ
(စဉ်-၅၁၇၁၈/၂၀၁၉)

သားအဖြစ်မှ စွန့်လွှတ်ကြောင်း

၈/၇၉၊ ဓမ္မရတနာလမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ မရမ်းကုန်း နေ ဦးအုန်းစန်း[၁၂/မရက(နိုင်)၁၁၁၂၁၉]၊ ဒေါ်အေးအေးနွယ်[၁၂/မရက (နိုင်)၀၀၄၈၃၇]တို့၏သားငယ် မောင်ရဲလင်း[၁၂/မရက(နိုင်)၁၇၁၂၀၆] သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ် ပြီး (၂၀-၅-၂၀၂၁)ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်း မောင်ရဲလင်းနှင့်ပတ်သက်သောကိစ္စ အဝဝကို မိသားစုဆွေမျိုးသားချင်းမှ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ **(အဖ)ဦးအုန်းစန်း-(အမိ)ဒေါ်အေးအေးနွယ်**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့မ(၂) ရပ်ကွက်နေ ဒေါ်မြင့်မြင့်ခိုင်[၇/ဝမန(နိုင်)၀၅၃၈၀၇]၏သား မောင်ကောင်း ဝေဇင်ခန့်[၇/ညလပ(နိုင်)၂၃၉၉၆၂]သည် မိခင်၏ဆိုဆုံးမမှုကို နားမထောင် ဘဲ စိတ်ဆင်းရဲအောင် ပြုမူသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ် လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ခိုင်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ်၊ ဝတ္ထုရှည်ဆုတွင် မဲခြူးပွင့်ရေးသားသည့် **ပျောက်ဆုံးသွားသောနှင်းစက်များ (သို့မဟုတ်) နှင်းစက်ပုံပြင်စာအုပ်သည် အမျိုးသားစာပေဆု (ဝတ္ထုရှည်ဆု)** ရရှိသည့်အတွက် **မဲခြူး (စာရေးဆရာမ မဲခြူးပွင့်)**နှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း ထပ်ခါထပ်ခါဆုများရရှိနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါကြောင်း။

ဦးမြင့်ဦး-ဒေါ်ခင်မာသန်း မိသားစု
ညောင်ဦးမြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၉) ပေါ်တွင် ဆောက်လုပ်ထားသည့်(၆)ထပ်တိုက်အဆောက်အဦ၊ တတိယထပ်(၄) လွှာ(၄-အေ)၊ အကျယ်အဝန်း ပေ(၁၂၅×၅၀)ရှိ ရေမီးအစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးတင့်အောင်[၁၂/အလန(နိုင်)၀၂၇၄၄၇]ထံမှ ကျွန်တော် ဦးညွှန့်စိုး[၁၂/လမတ(နိုင်)၀၁၇၅၅၇]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးညွှန့်စိုး
Ph: 09-443201915

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၈၀) ပေါ်တွင် ဆောက်လုပ်ထားသည့်(၆)ထပ်တိုက်အဆောက်အဦ၊ စတုတ္ထထပ်(၅) လွှာ(၅-အေ)၊ အကျယ်အဝန်း ပေ(၁၂၅×၅၀)ရှိ ရေမီး အစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချယ်ရီဝင်း[၇/တငန(နိုင်)၁၄၂၉၁၁]ထံမှ ကျွန်တော် ဦးညွှန့်စိုး[၁၂/လမတ(နိုင်)၀၁၇၅၅၇]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးညွှန့်စိုး
Ph: 09-443201915

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၈)၊ သိန္ဓိလမ်း၊ ပထမထပ်ခြေရင်း၊ သီတာရပ်ကွက်၊ အခန်းအား ပိုင်ရှင်ဖြစ်သူ ဦးဝင်းလှိုင်၊ အမှတ်-၁၁ ၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်မှ အရှေ့ပိုင်းအရှင်းကင်းရောင်းချပါသဖြင့် ဒေါ်ရီရီခိုင်[၁၂/ကမတ(နိုင်)၀၄၀၁၀၆]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ရီရီခိုင်
Ph: 09-420097878

" ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ပေါ်ဇုန်၊ အနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်**(B-1)**၊ အခန်းအမှတ်(၅၂၄)၊ **Courtyard View, Type (A)**၊ အကျယ်အဝန်း(၁၆၁)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသက်ဝင်းနိုင်[၁၂/ဗဟန(နိုင်)၀၉၄၃၂၇]မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-ဧဂ၉၂)
အမှတ်-၃၇၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉- ၅၀၈၈၆၀၅

ကျန်းမာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုသာမန်ရန်ပုံငွေကို အသုံးပြု၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန်နှင့် ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေကို အသုံးပြု၍ စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ - (၁၉-၁၁-၂၀၂၁)
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၁၇-၁၂-၂၀၂၁)၊ (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်အသေးစိတ်ကိုသိရှိလိုပါက ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှမျှားရုံး (ဖုန်း-၀၂၄၀၃၃၇၃) (လမ်း၇၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား) သို့ လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်၊ ဧဝန္တဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ကေရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(၀-၂၀၁၁၄) ၏ မြေငှားစာချုပ်ရှင်း ဇော်ကဆိုးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းနိုင်[၁၀/ဆဆန(နိုင်)၀၄၇၃၀၆]၊ အဖအမည် ဦးငွေလှိုင်မှ မြေငှားစာချုပ်မူရင်းပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမူရင်းထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော နှစ်(၃၀) မြေငှားစာချုပ်မူရင်းအားပယ်ဖျက်၍ မြေငှားစာချုပ်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁၆/ရွှေပေါက်ကံရပ်ကွက်၊ လက်ဝဲသုနှန္ဒ(၂)လမ်း၊ အမှတ် (၂၀၄)နေ ဦးခင်မောင်သန်း[၁၂/ဗတထ(နိုင်)၀၁၈၆၁၄]နှင့် ဒေါ်ခင်မိုးလွင်[၁၂/ဗတထ(နိုင်)၀၁၈၆၃၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အလယ်ပေါက်ကန့်သတ်ချက်များဖြင့် ကြေးအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများ လက်ဝယ်ရှိပိုင်ဆိုင်သော-

(၁) ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံအိမ်ရာစီမံကိန်း (Shop House) (၄)ခန်းတွဲ၊ (၂)ထပ်အဆောက်အဦရှိ အခန်းအမှတ် (၀၁)၊ မြို့ရွာနှင့်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးခင်မောင်သန့်၊ [၁၂/ဗတထ(နိုင်)၀၁၈၆၁၄]အမည်ပေါက် စုပေါင်းပိုင်အဆောက်အဦစာအုပ်မူရင်း၊

(၂) ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၂၀၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိဒေါ်ရီရီမြင့်[၁၂/ဗဟန(နိုင်)၀၁၆၅၃၄]အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်း၊

(၃) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီတော်အနောက်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည်(၉၆၃)၊ ဥယျာဉ်မြေဧရိယာ(၀.၃၄)ဧကအနက်မှ အကျယ်အဝန်း (၄၀/၄၀ပေ×၁၄/၁၁)ပေ)ရှိမြေကွက်နှင့်ပတ်သက်သော စာချုပ်စာတမ်းမူရင်းများသည် ပျောက်ဆုံးသွားပါသောကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများမှ ရောင်းချထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လျှုဒါန်းထားခြင်း၊ အခြားနည်း တစ်စုံတစ်ရာဖြင့် လွှဲပြောင်းထားခြင်းများ လုံးဝမရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများသိရှိခြင်းမရှိ၊ ခွင့်ပြုချက်မပါရှိဘဲ ဆောင်ရွက်ထားမှုအား လက်ခံထားသူများသည် လက်ခံထားသူများ၏ တာဝန်သာဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေများမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)
အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၃၁၉၂

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း(ပထမ)တန်းမှ မောင်ပြေငင်ဦး၏ ဖခင်အမည်မှန်မှာ [၉/သစန(နိုင်)၁၀၈၄၃၀] ကိုင်ဆောင်သူ ဦးကျော်ဆန်းဦးဖြစ်ပါသည်။

သွေးသည် အသက်

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ်(၀-၂၀၂၂)၊ ဧရိယာ(၀.၁၁၅)ကေရှိ မြေနှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၁၇၆၈)၊ (၂၂-၁-၂၀၁၉)ရက်စွဲဖြင့် ကျွန်တော်ဦးအောင်စိုးသိန်းမှ ဦးအောင်မျိုးဦး သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၁၆-၁၁-၂၀၂၁)ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

ဦးအောင်စိုးသိန်း
[၁၀/သထန(နိုင်)၁၀၃၃၉၆]
ဖုန်း-09-952258000

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၃၉၃၊ ဆရာစံ(၃)လမ်း၊ ၃၃-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၃(တိုးချဲ့)၊ မြေကွက်အမှတ်-၃၉၃၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးညွှန့်ဌေး (HGU-107656)အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ တရားဝင်မခွဲမစိတ်ရသေးသည့်ပေ(၂၀×၆၀)ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဥာဏ်လင်းစိုး[၉/ပမန(နိုင်)၁၇၀၆၇၁]မှ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြိုးဖြိုးဖြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၆)
အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၂

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်၊မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(၀-၃၂၉၆)၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်အိုဇီမြေးဆွေ[၉/လဝန(နိုင်)၁၅၈၁၁၆]၊ (၁) ဦးကျော်ဝင်းမှ မြေပေးစလစ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းမှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ရှိ အဆောက်အဦ ဓာတ်ပုံတင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၃၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဆောက်လုပ်ခြင်းပါ ပဋိညဉ်းများမှ ဤဌာနသည် ဆောက်လုပ်မှုနှင့်လျော်ကန်အားလားသည့်အတွက် ကန့်ကွက်လိုပါက မိုဠ်းလုံးသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လေ့လာလိုသားတန့်ကွတ်နိုင်ရန်ကြောင်း အသိပေးကြေညာအပ်ပါသည် -

နည်	အမည်	မတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေးအမည်ပေါက်
